# အစ္စလာမ်သာသနာတော်

# ၏

# အခြေခံတရားများအကျဉ်းချုပ်

ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွဖ်သီချုပ်၊
မော်လာနာလ်ဟာဂျ်မွဖ်သီကိဖါယသွလ္လာဟ်သခင် (ရဟ်မသွလ္လာဟိ
အလိုက်ဟ်) စီရင် ရေးသားအင်သော

☆

# အစ္စလာမ် သာသနာတော်
# ၏
# အခြေခံ တရားများ အကျဉ်းချုပ်။

ဘာသာပြန်ဆိုသူ

**မော်လာနာ မတ္တဆူဒ် အာဟ်မဒ်ခါန်**
အထွေထွေအတွင်းရေးမှူးချုပ်
ပြည်ထောင်စုဗမာနိုင်ငံလုံးဆိုင်ရာ ဗမာမွတ်စ်လင်မ်
အိုလမာ (သာသနာ့ ပညာရှင်များ) အဖွဲ့ချုပ်။
ရန်ကုန်မြို့။

ပဉ္စမနှိပ်ခြင်း။ စာအုပ်ရေ- ၃၀၀၀။

# နိဒါန စကား။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အလ်ဟမ်ဒု၊ လင်လ္လာဟိ၊ ရဗ္ဗင်လ်အာလမီန်။ ဝလ်အာကိဗသိ၊ လင်လ်မွတ္တကီန်။ ဝဆ်ဆလာသု၊ ဝါဆ္ဆလာမု၊ အလာဆိုက်ယိဒင်လ် မွရ်ဆလီန်။ ဝအလာ အာလီဟိ၊ ဝအဆ်ဟာဗိဟီ၊ ဝအဟ်လိ ဗိုက်သိဟီ၊ ဝဇွရ်ရီယာသိဟီ အဂျ်မအီန်။

ယခုစာရှုသူ၏လက်ထဲ၌ရှိသော ဤစာအုပ်ငယ်မှာ ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွဖ်သီချုပ်၊ မော်လာနာ မွဖ်သီ ကိဖါယသွလ္လာဟ်သခင် (ရဟ်မသွလ္လာဟ် အလိုက်ဟ်) စီရင်ရေးသားအပ်သော (Chart) စာချုပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ - ရန်ကုန်မြို့အမှတ် ၁၄၇၊ ကုန်ဈေးတန်းနေ အလ်ဟာဂျ်အဗ်ဒွလ်ဟိုက်ယ်၏ တိုက်တွန်းချက်အရ အချိန်အနည်းငယ်အတွင်း၊ အစ္စလာမ်သာသနာရေးအခြေခံတရားများကို သိနားလည်လိုသော ဗမာမွတ်စ်လင်မ် လူကြီး၊ လူငယ်၊ ကျောင်းသားသူငယ်တို့ အကျိုးငှါရင်း၊ ထိုမိတ်ဆွေ၏ အဘိုး ကွယ်လွန်သူ ဟာဂျီဇလီ မုဟမ္မဒ်၊ ဟုစိုင်နအား အကျိုးစဝါးဗ် ရရှိစေအံ့သောငှါ ရင်း ဘာသာပြန်ဆိုထားသော စာအုပ်ငယ်ပင် ဖြစ်ပေသည်။

ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွဖ်သီချုပ်၊ မော်လာနာ မွဖ်သီကိဖါယသွလ္လာဟ်သခင်သည် မွတ်စ်လင်မ်များ အမြဲထာဝရ လိုက်နာ ကျင့်သုံးကြရမည်ဖြစ်သော အစ္စလာမ် အခြေခံတရားများကို လွယ်လင့်တကူ လေ့လာမှတ်သားနိုင်ကြရန် (Chart) စာချုပ်ကခုထဲတွင် အူရဒူဘာသာဖြင့် လှပတင့်တယ်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပေသည်။

ကျွန်ုပ်တို့အနေနှင့်မူကား စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြင့် ကြာရှည်စွာ အသုံးပြု၊ အကျိုးခံစားနိုင်ကြမည်မဟုတ်သောကြောင့်၊ လူတိုင်း၊ လူတိုင်း အမြဲလေ့လာနိုင်ရေးကို ရှေးရှုကာ **"အစ္စလမ်သာသနာတော်၏အခြေခံတရားများ အကျဉ်းချုပ်"** ဟူသော အမည်နှင့် စာအုပ်ငယ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်ပေသည်၊ ဘာသာပြန်ဆိုရာ၌လည်း အချို့နေရာများတွင် ဖြည့်စွက်ခြင်း၊ လွယ်ကူစွာ နားလည်နိုင်ရန်အနည်းငယ် ပြောင်းလဲ၍ဆိုခြင်းတို့ကို ပြုလုပ်ခဲ့ပေသည်။

အလ္လာဟ်အသျှင်မြတ်သည် မူရင်း(Chart) **စာချပ်**ကိုဒီရင် ရေးသားခဲ့သော ကွယ်လွန်သူ မွဖ်သီချုပ်၊ **မော်**လာ နလ်ဟာဂျီ မွဖ်သီ ကိဖါယသွလ္လာဟ် သခင်အားရင်း၊ **ဘာသာပြန်**ဆိုရန် တိုက်တွန်းနှိုးဆော်ခဲ့သော ကျွန်ုပ်၏မိတ်ဆွေ အလ်ဟာဂျီ အမ်ဒွလ်ဟိုက်ယ် အားရင်း နှစ်ဘဝလုံး၏ သုခချမ်းသာ၊ အကျိုးကျေးဇူးများကို ချီး မြှင့်ချေးသနားတော်မူပါစေသတည်း။ **(အာမီန်)**

**မစ္စူဒ်အဟ်မဒ်ခါန်၊**
**အထွေထွေအတွင်းရေးမှူးချုပ်။**
ပြည်ထောင်စု ဗမာနိုင်ငံလုံးဆိုင်ရာ ဗမာ့မွတ်စ်လင်မ်
အိုလမာ (သာသနာ့ပညာရှင်များ) အဖွဲ့ချုပ်၊
ရန်ကုန်မြို့။

ဟစ်ဂျရီ (၈-၈-၈၃။)
(25-12-63)

# မာတိကာ


| အခန်းစဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁။ | နိဒါန်းစကား။ | |
| ၂။ | ကလိမဟ် သိုက်ယိမဟ်။ | ၁။ |
| ၃။ | အီခါနေ့မှဖဆ်ဆလ်။ | ၁။ |
| ၄။ | အလ္လာဟ်အသျှင်မြတ်နှင့်ပတ်သက်၍ ထားရှိရမည့် အယူဝါဒများ။ | ၂။ |
| ၅။ | ရဂူလ်ဘခန်တော်များနှင့် ပတ်သက်၍ ထားရှိရမည့်အယူဝါဒများ။ | ၃။ |
| ၆။ | "မသာအိကဟ်" ကောင်းကင်တမန်များနှင့် ပတ်သက်၍ ထားရှိရမည့်အယူဝါဒများ။ | ၅။ |
| ၇။ | မိုးကောင်းကင်မှ ကျရောက်လာသော ကျမ်းဂန်များနှင့် စပ်လျဉ်းသော အယူဝါဒများ။ | ၇။ |
| ၈။ | ကဗ်ရ် သင်းချိုင်းနှင့် စပ်လျဉ်းသောအယူဝါဒများ။ | ၈။ |
| ၉။ | "ကိယာမသ်" ကမ္ဘာပျက်မည့်နေ့နှင့်စပ်လျဉ်းသော အယူဝါဒများ။ | ၁၀။ |
| ၁၀။ | အစ္စလာမ်သာသနာတော်၏ မဏ္ဍိုင် ၅-ရပ်။ | ၁၁။ |
| ၁၁။ | (က) ရေနှင့်စပ်လျဉ်းသော အမိန့်ပညတ်ချက်များ။ | ၁၂။ |
| | (ခ) ရေတွင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်ချက်များ။ | ၁၂။ |
| ၁၂။ | (က) ကျင်ကြီး၊ ကျင်ငယ်၊ အညစ်အကြေး။ | ၁၄။ |
| | (ခ) အညစ်အကြေးသုတ်သင်ခြင်း။ | ၁၄။ |
| | (ဂ) အညစ်အကြေးများနှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၁၇။ |
| ၁၃။ | (က) ဝုဇူနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၁၉။ |
| | (ခ) ဝုဇူ၌ ဖရိဇ်ဖြစ်သောအချက်များ။ | ၁၉။ |
| | (ဂ) ဝုဇူ၌ ဆွန္နသ်ဖြစ်သောအချက်များ။ | ၁၉။ |
| | (ဃ) ဝုဇူ၌ မုဿဟဗ် ဖြစ်သောအချက်များ။ | ၂၀။ |
| | (င) ဝုဇူ၌မက်ရူဟ်ဖြစ်သောအချက်များ။ | ၂၀။ |
| | (စ) ဝုဇူကို ပျက်စေသောအချက်များ။ | ၂၀။ |
| ၁၄။ | (က) ရေချိုးခြင်းနှင့်စပ်လျဉ်းသောပညတ်များ။ | ၂၀။ |
| | (ခ) ရေချိုးခြင်း၌ ဖရိဇ်ဖြစ်သောအချက်များ။ | ၂၂။ |
| | (ဂ) ရေချိုးခြင်း၌ ဆွန္နသ်ဖြစ်သောအချက်များ။ | ၂၂။ |
| | (ဃ) သောကြာနေ့နှင့် အီဒ်နေ့များတွင်ရေချိုးခြင်း။ | ၂၂။ |
| ၁၅။ | အဇာန်နှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၂၃။ |
| ၁၆။ | အိကာမသ်နှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၂၄။ |

# မာတိကာ


| အမှတ်စဉ်။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁၇။ | ကလေးဖွားမြင်သောအခါ အဇာန်ဆိုခြင်း။ | ၂၄။ |
| ၁၈။ | အဇာန်။ | ၂၅။ |
| ၁၉။ | အဇာန်ဆိုပြီးနောက် ရွတ်ဖတ်ရသော ဒုအာ။ | ၂၆။ |
| ၂၀။ | စနာ။ | ၂၇။ |
| ၂၁။ | သအောက်ဒုဇ်။ | ၂၇။ |
| ၂၂။ | သတ်စ်မိယဟ်။ | ၂၈။ |
| ၂၃။ | ရှုရသွလ် ဖါသိဟာဟ်(အဖွင့်ကျမ်း)။ | ၂၈။ |
| ၂၄။ | သဇ်ယဟ်၊ သရှဟ်ဟွဒ်။ | ၂၉။ |
| ၂၅။ | ဒရှုဒ်။ | ၃၀။ |
| ၂၆။ | ဒုအာ။ | ၃၁။ |
| ၂၇။ | ဒုအာ၏အကျိုး။ | ၃၂။ |
| ၂၈။ | စလာမ်လှည့်ပြီးနောက် ဖတ်သောဒုအာ။ | ၃၃။ |
| ၂၉။ | သယန်မွမ်အကြောင်းနှင့် သယန်မွမ်ပြုနည်း။ | ၃၄။ |
| ၃၀။ | (က) ဆလာသ်ပြုချိန်နှင့် ရတ်ကအသ်များ။ | ၃၅။ |
| | (ခ) ဆလာသ်၏ ရတ်ကအသ်များ။ | ၃၆။ |
| ၃၁။ | (က) ဆလာသ်ဝတ်ပြုမှုနှင့် စပ်လျဉ်းသော ဖရိဇ်၊ ဝါဂျိဗ်။ | ၃၈။ |
| | (ခ) ဝါဂျိဗ်ဖြစ်သောအချက်များ။ | ၃၉။ |
| ၃၂။ | စဂျဒဟ်စဟ်ဝ်။ | ၄၀။ |
| ၃၃။ | ဆလာသ်ဝတ်ပြုမှု၌ စွန္နသ်ဖြစ်သောအချက်များ။ | ၄၁။ |
| ၃၄။ | ဆလာသ်ဝတ်ပြုမှု၌ မက်ကရူဟ်ဖြစ်သော အချက်များ။ | ၄၁။ |
| ၃၅။ | ဆလာသ်ပျက်စေသော အချက်များ။ | ၄၃။ |
| ၃၆။ | ဂျုမုအဟ်နှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၄၄။ |
| ၃၇။ | (က) အိဒ်နေ့များနှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၄၅။ |
| | (ခ) အိဒ်နေ့များတွင် ဆလာသ်ပြုခြင်း။ | ၄၅။ |
| ၃၈။ | သတ်ကဗီရ်ရေသရှိရိက်။ | ၄၈။ |
| ၃၉။ | ကုရ်အာန်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသော ပညတ်ချက်များ။ | ၄၈။ |
| ၄၀။ | ခရီးထွက်ခြင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၄၉။ |
| ၄၁။ | (က) ဆလာသ်ဂျနာဇဟ်။ ကဖန်ထုပ်ခြင်း၊ မြေမြှုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၅၀။ |
| | (ခ) ဆလာသွလ် ဂျနာဇဟ်။ | ၅၁။ |

# မာတိကာ


| အမှတ်စဉ်။ | အကြောင်းအရာ | စာမျက်နှာ။ |
|---|---|---|
| ၄၂။ | (က) အရွယ်မရောက်သေးသော ယောကျ်ားကလေး၏ ဂျူနာဇဟ်ဖြင့် ဖတ်ရသောဒုအာ။ | ၅၃။ |
| | (ခ) အရွယ်မရောက်သေးသော သမီးမိန်းကလေး၏ ဂျူနာဇဟ်ဖြင့် ဖတ်ရသောဒုအာ။ | ၅၄။ |
| | (ဂ) အရွယ်ရောက်ပြီးသော ယောကျ်ား၊ မိန်းမတို့၏ ဂျူနာဇဟ်ဖြင့်ဖတ်ရသောဒုအာ။ | ၅၄။ |
| ၄၃။ | ဆိယာမ် ဥပုသ်သီလ ဆောက်တည်ခြင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။ | ၅၅။ |
| ၄၄။ | ဖစ်သ်ရဟ်။ | ၅၇။ |
| ၄၅။ | 'ဇကါသ်'နှင့်စပ်လျဉ်းသောပညတ်ချက်များ။ | ၅၈။ |
| ၄၆။ | ငွေ၏ 'နိဆာဗ်' အမျိုးအစား။ | ၅၈။ |
| ၄၇။ | ရွှေ၏'နိဆာဗ်'အမျိုးအစား။ | ၅၉။ |
| ၄၈။ | 'ဟဂျ်'နှင့် စပ်လျဉ်းသောပညတ်ချက်များ။ | ၅၉။ |
| ၄၉။ | 'ဟဂျ်'တွင် 'ဖရ်ဇ်'ဖြစ်သောအချက်များ။ | ၆၀။ |
| ၅၀။ | 'ကဗီရာဟ်'ခေါ် ကြီးလေးသော ပြစ်မှုဒုစရိုက်များ။ | ၆၀။ |

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

## ✓ ကလိမဟ်သိုက်ယိဗဟ်။

لَآ إِلٰهَ إِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ

✓အဓိပ္ပါယ်။ အလ္လာဟ်အသျှင်မြတ်မှတပါး ပူဇော်ဆည်းကပ်ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍အလျှင်းမရှိ။ မုဟမ္မဒ်သခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်တော်မူ၏။

## အီမာနေမုဖဆ်ဆလ်။

اٰمَنْتُ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ وَالْيَوْمِ الْاٰخِرِ
وَالْقَدْرِ خَيْرِهٖ وَشَرِّهٖ مِنَ اللّٰهِ تَعَالٰى وَالْبَعْثِ بَعْدَ الْمَوْتِ

✓ အဓိပ္ပါယ်။ ကျွန်တော်မျိုး(ကျွန်တော်မျိုးမ)သည်အလ္လာဟ်အသျှင်မြတ်ကိုရင်း၊ ထိုအသျှင်မြတ်၏"မလာအိကဟ်"ကောင်းကင်တမန်အပေါင်းတို့ကိုရင်း၊ ထိုအသျှင်မြတ်၏ ဒေသနာတော်ကျမ်းဂန်အပေါင်းတို့ကိုရင်း၊ထိုအသျှင်မြတ်၏ရစူလ်တမန်တော်အပေါင်းတို့ကိုရင်း၊ နောက်ဆုံးနေ့ကိုရင်း၊ အကောင်းအဆိုးတင်ကူးပြဋ္ဌာန်းချက်အပေါင်းတို့သည် မြင့်မြတ်လှတော်မူသော အလ္လာဟ်အသျှင်မြတ်အထံတော်မှ ဖြစ်ကြောင်းကိုရင်း၊ သေပြီးနောက်၊ ၎တဖန် ရှင်ပြန်ထရမည် ဖြစ်ကြောင်းကိုရင်း ယုံကြည်ပါ၏။

## အလ္လာဟ်အသျှင်မြတ်နှင့်ပတ်သက်၍ရင်း၊ ထိုအသျှင်မြတ်၏ ဂုဏ်ရည်များနှင့်စပ်လျဉ်း၍ရင်း ယုံကြည်ထားရှိရမည့် အယူဝါဒများ။

အလ္လာဟ်အသျှင်မြတ်သည် တဆူတည်းဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် ကမ္ဘာပေါ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသောအသျှင်၊ စိုးပိုင်တော်မူသောအသျှင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၌ တွဲဖက်ဟူ၍ရင်း၊ဂုဏ်ရည်တူဟူ၍ရင်းအလျှင်းမရှိ။ ထိုအသျှင်မြတ်၌ သားသမီးဟူ၍ရင်း၊ ဆွေမျိုးတော်စပ်သူဟူ၍ရင်း တဦးတယောက်မျှမရှိ။ ထိုအသျှင်မြတ်၌ အစလည်းမရှိ၊ အဆုံးလည်းမရှိ။ အတိတ်တွင် အမြဲရှိတော်မူပြီး၊ အနာဂတ်တွင်လည်းအမြဲရှိတော်မူမည့် နိစ္စထာဝရအသျှင်ဖြစ်တော်မူ၏။ အရောင်အဆင်း၊အနံ့ အသက်၊ခန္ဓာကိုယ်၊ခန္ဓာကိုယ်နှင့် သက်ဆိုင်သောအကြောင်းကိစ္စအလုံးစုံတို့မှ လုံးဝကင်းရှင်းတော်မူ၏။ ထိုအသျှင်မြတ်သည်အိပ်စက်တော်မူခြင်းလည်းမရှိ။မေ့လျော့တော်မူသည်လည်းမဟုတ်။ချို့တဲ့မှုအပေါင်းတို့မှ ကင်းစင်တော်မူ၏။ အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ မြင်တော်မူသောအသျှင်၊ အနန္တတန်းခိုးတော်ရှင် ဖြစ်တော်မူ၏။ ကမ္ဘာပေါ်ရှိ ဖန်ဆင်းအပ်သည့် သေးငယ်သော အဖန်ဆင်းခံပင်ဖြစ်စေ၊ ကြီးမားသော အဖန်ဆင်းခံပင်ဖြစ်စေ အလုံးစုံတို့မှာ ထိုအသျှင်မြတ်၏ အာဏာစက်အတွင်း၌သာ ရှိကုန်၏။ ကျွန်ုပ်တို့၏ ကျန်းမာမှု၊ ရောဂါဝေဒနာခံစားမှု၊ အသက်ထင်ရှားရှိနေမှု၊ သေဆုံးမှု၊ စားနပ်ရိက္ခာရရှိမှုနှင့် သားသမီးရရှိမှု အစသည်တို့မှာ ထိုအသျှင်မြတ်၏ ကျေးဇူးတော်များ ဖြစ်သည့်ပြင်၊ ထို

အသျှင်မြတ်၏ လက်တော်တွင်း၌သာ ရှိကုန်၏။ ထိုအသျှင်မြတ်သည် နှမ်းစေ့ ခန့်မျှ ဖြစ်သောအရာများကိုပင် သိရှိတော်မူသော သဗ္ဗညုအသျှင်ဖြစ်တော်မူပေရာမည်သည့်အရာမျှပင် ထိုအသျှင်မြတ်၌ ဖုံးကွယ်လျက်မရှိပေ။ စိတ်နှလုံးတွင်း၌ ရှိသောလျှို့ဝှက်ချက်များပင်ဖြစ်စေ၊ သမုဒ္ဒရာရေအောက်တွင်ရှိသော အရာများပင်ဖြစ်စေ အလုံးစုံတို့သည် ထိုအသျှင်မြတ်၏ မျက်မှောက်၌သာ ရှိကုန်၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိရာကို ပြုလုပ်တော်မူ၏။ ထိုအသျှင်မြတ်အား တားမြစ်နိုင်သူဟူ၍ အလျှင်းမရှိပေ။ အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ်၏ တန်ခိုးတော်ဖြင့် ထိုအသျှင်မြတ် အလိုရှိတော်မူသည့်အခါ ဖြစ်ပေါ်၍လာကြရကုန်၏။ ထိုအသျှင်မြတ်သည်သာလျှင် အကွယ်၌ရှိသော အရာခပ်သိမ်းတို့ကို သိရှိတော်မူသောအသျှင်ဖြစ်တော်မူ၏။ ဤဂုဏ်ရည်နှင့် စပ်လျဉ်း၍ ထိုအသျှင်မြတ်၌ တွဲဖက်ဟူ၍ရင်း၊ ယှဉ်ပြိုင်ဖက်ဟူ၍ရင်း အလျှင်းမရှိချေ။ ထိုအသျှင်မြတ်အပေါ် ဩဇာပေးနိုင်သူဟူ၍အလျှင်းမရှိ။ ထိုအသျှင်မြတ်သည် ခွန်အားအကြီးမားဆုံးသော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။ လူခပ်သိမ်းတို့၏ လိုအင်ဆန္ဒအဝဝတို့ကို ဖြည့်ဆည်းနိုင်သော တန်ခိုးသတ္တိမှာလည်း ထိုအသျှင်မြတ်မှတပါး အခြား တဦးတယောက်၌မျှ အလျှင်မရှိချေ။

## ရဆူလ်၊ နဗီတမန်တော်များနှင့်ပတ်သက်၍ယုံကြည်၍ ထားရှိရမည့် အယူဝါဒများ။

ကမ္ဘာသူကမ္ဘာသားတို့အား တရားလမ်းမှန်ကို ညွှန်ကြားပြသရန်အလို့ငှါ၊ အလ္လာဟ်အသျှင်မြတ်သည် မြောက်မြားစွာ

သော ရဟူလ်တမန်တော်များ၊ နဗီတမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ပထမဦးဆုံး ပွင့်တော်မူသော နဗီတမန်တော်မှာ အာဒမ် အလိုက်ဟစ်စလာမ် ဖြစ်တော်မူ၍၊ နောက်ဆုံးတွင် ပွင့်တော်မူသော နဗီတမန်တော်မှာ မုဟမ္မဒ်ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ် ဖြစ်တော်မူသည်။ ထိုနဗီတမန်တော်နှစ်ပါး၏ အကြားတွင် ပွင့်တော်မူခဲ့ကြကုန်သော နဗီ၊ ရဟူလ်တမန်တော်အပေါင်းတို့မှာ မုချအမှန်ဖြစ်ကြကုန်၏။ နဗီ၊ ရဟူလ်တမန်တော်အပေါင်းတို့၏ အတိအကျအရေအတွက်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူ၏။

နဗီ၊ ရဟူလ်တမန်တော်အပေါင်းတို့မှာ လူသားပကတိဖြစ်ခဲ့ကြသည်သာမက အလ္လာဟ်အသျှင်မြတ်၏ ကျွန်များလည်းဖြစ်ခဲ့ကြကုန်၏။ သို့တစေလည်း ဖြစ်မှု ဒုစရိုက်အပေါင်းတို့မှ ၎င်း၊ ချွတ်ချော်မှားယွင်းမှု အပေါင်းတို့မှ၎င်း ကင်းစင်ခဲ့ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်၏ အကြည်တော်များဖြစ်ခဲ့ကြကုန်၏။ ထို နဗီ၊ ရဟူလ်တမန်တော် အပေါင်းတို့အနက် အိဗ်ရာဟီမ်၊ မူစာ နှင့် အီစာ (အလိုက်ဟိ မုတ်ဆ်ဆလာသို့ ဝါစ္စလ္လမ်) တို့မှာ ထူးကဲ မြင့်မြတ်တော်မူကြကုန်၏။ ကျွန်ုပ်တို့၏ နဗီ၊ ရဟူလ် မုဟမ္မဒ် သခင် (ဆလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)မှာမူကား နဗီ၊ ရဟူလ်တမန်တော်အပေါင်းတို့အနက် အမြင့်မြတ်ဆုံးသော နဗီ၊ ရဟူလ်တမန်တော် ဖြစ်တော်မူသည့်ပြင်၊ နောက်ဆုံး၌ ပွင့်တော်မူခဲ့သော နဗီ၊ ရဟူလ်တမန်တော်လည်းဖြစ်တော်မူ၏။ ကိုယ်တော်မြတ် ပွင့်တော်မူခဲ့ပြီးနောက် မည်သူမျှ နဗီတမန်တော် အလျှင်း မဖြစ်နိုင်တော့ပြီ။ အဘယ်ကြောင့် ဆိုသော် ကိုယ်တော်မြတ်

သည် ရှိရိအသ်တရားတော်ကို အပြည့်အစုံ သင်ကြားပို့ချတော်မူခဲ့ပြီးဖြစ်သောကြောင့်ပင်။ ကိုယ်တော်မြတ်သည် ကမ္ဘာခပ်သိမ်းတို့အဖို့ နဗီတမန်တော် အဖြစ် ပွင့်တော်မူခဲ့သည်ဖြစ်ရာ ကိုယ်တော်မြတ် ပွင့်တော်မူခဲ့ပြီးနောက် ကိုယ်တော်မြတ်အား မယုံကြည်ဘဲ ဂျဟန္နမ်ငရဲဘုံမှအလျင်းလွတ်မြောက်နိုင်မည်မဟုတ်ပြီ။

ကုရ်အာန်ကျမ်းတော်မြတ်သည် ကိုယ်တော်မြတ်၏ကမ္ဘာ့တသက် တည်ရှိအံ့သော "မုအ်ဂျိဇတ်" တန်ခိုးပြာဋိဟာဖြစ်သည်။ ကိုယ်တော်မြတ်၏ အတ္တုပ္ပတ္တိသမိုင်းမှာ ကိုယ်တော်မြတ် ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေသာဓကပင် ဖြစ်ပေသည်။ ကိုယ်တော်မြတ်သည် စာပေလေ့လာ သင်ကြားတော်မူခဲ့ခြင်းမရှိခြားသော်လည်း အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အသိပညာအရှိဆုံးပင်ဖြစ်တော်မူ၏။ သို့ရာတွင် ကိုယ်တော်မြတ်သည် "အာလိမုလ်ဂိုက်ဗ်" အကယ်၍ ရှိသည်တို့ကို သိတော်မူသည် မဟုတ်ပေ။ "အာလိမုလ်ဂိုက်ဗ်" ဖြစ်ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အထူး "ဝိသေသ" ဂုဏ်ထူးတရပ်ပင် ဖြစ်ချေသည်။ သို့တစေလည်း အလ္လာယ်အသျှင်မြတ်သည် အတိတ်နှင့် အနာဂတ် အကြောင်းများအနက် များစွာသောအကြောင်းများနှင့်စပ်လျဉ်း၍ ကိုယ်တော်မြတ်အား အသိပေးတော်မူခဲ့ပေသတည်း။

## "မလာအိကဟ်" ကောင်းကင်တမန်တို့နှင့် ပတ်သက်၍ ထားရှိရမည့် အယူဝါဒများ။

"မလာအိကဟ်" ကောင်းကင်တမန်တို့သည် "နူရ်" ရောင်ခြည်ဖြင့် ဖန်ဆင်းအပ်သော အလွန်တရာ နူးညံ့သိမ်မွေ့သော

သတ္တဝါတမျိုး ဖြစ်ကြသည်။ ၎င်းတို့၏ ခန္ဓာကိုယ်များမှာ ထုထည်ရှိသော ခန္ဓာကိုယ်မဟုတ်သောကြောင့် ကျွန်ုပ်တို့ မမြင်နိုင်ကြပေ။ ကောင်းကင်တမန်များသည် ယောကျ်ားများလည်း မဟုတ်၊ မိန်းမများလည်းမဟုတ်၊ သားသမီး ပေါက်ဖွါးခြင်း လည်း မရှိကြပေ။ ကျွန်ုပ်တို့ကဲ့သို့ သေဆုံးကြရသည်လည်း မဟုတ်။ ကိုလေသာတဏှာရာဂများမှ၎င်း၊ ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်းမှ၎င်း ကင်းစင်ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်အား အမြဲတစေဝတ်ပြုလျက် ရှိကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောကကြီး၏ များစွာသော တာဝန်များ၊ စီမံခန့်ခွဲမှုများကို ကောင်းကင်တမန်များအား လွှဲအပ်ထားတော်မူသည်ဖြစ်ရာ၊ ၎င်းတို့သည် ထိုတာဝန်များကို ကျေပြွန်စွာဆောင်ရွက်လျက် ရှိကြကုန်၏။ ကောင်းကင်တမန်တို့၏ အရေအတွက်ကို အလ္လာဟ်အသျှင်မြတ်မှတပါး မည်သူမျှမသိချေ။ ၎င်းတို့အနက် လေးပါးမှာ ကြီးကဲမြင့်မြတ်လှသော ကောင်းကင်တမန်များ ဖြစ်ကြပေသည်။ (၁) "ဂျိဗ်ရအီလ်" အလိုက်ဟစ်စ္စလာမ်သည် နဗီတမန်တော်များထံ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ဆောင်ခြင်း တာဝန်ကို ထမ်းဆောင်ခဲ့၏။ (၂) အိဇ်ရာအီလ် အလိုက်ဟစ်စ္စလာမ်သည် သတ္တဝါများ၏ အသက်ဇီဝိန်ကိုနုတ်ယူသော တာဝန်ကိုထမ်းဆောင်ရ၏။ (၃) "မီကါအီလ်" အလိုက်ဟစ်စ္စလာမ်သည် မိုးရွာခြင်း၊ သတ္တဝါအပေါင်းကို စားနပ်ရိက္ခာ ပို့ဆောင်ခြင်း တာဝန်များကို ထမ်းဆောင်ရလေ၏။ (၄) "အစ္စရာဖီလ်" အလိုက်ဟစ်စ္စလာမ်သည် "ကိယာမသ်" ကမ္ဘာပျက်မည့်နေ့တွင် တံပိုးခရာမှုတ်သော တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်၏။ တံပိုးခရာ မှုတ်သောအခါ

ကမ္ဘာတခုလုံး ပျက်စီးသွားပေမည်။ ဒုတိယအကြိမ် မှုတ်သော အခါအားလုံး တဖန်ရှင်ပြန်ထကြပေမည်။

## မိုးကောင်းကင်မှကျရောက်လာသော ကျမ်းဂန်များနှင့်စပ်လျဉ်း၍ ယုံကြည်ထားရှိရမည့် အယူဝါဒများ။

အလ္လာဟ်အသျှင်မြတ်သည် အချို့ နဗီတမန်တော်များအား၊ ဝေနေယျသတ္တဝါများအဖို့ အမိန့်ပညပ်တော်များ ပါရှိသော ကျမ်းဂန်များကို ခြီးမြှင့်ပေးသနားတော် မူခဲ့၏။ "အိဗ်ရာဟိမ်" အလိုက်ဟစ်စလာမ်၏ထံသို့ ကျမ်းငယ် အစောင်စောင်ကိုင်း၊ 'မူစာ' အလိုက်ဟစ်စလာမ်၏ထံသို့ 'သောက်ရာသ်' ကျမ်းတော်ကို ၎င်း၊ "ဒါဝူဒ်" အလိုက်ဟစ်စလာမ်၏ ထံသို့ "ဇဗူရ်" ကျမ်းတော်ကို၎င်း၊ "အီစာ" အလိုက်ဟစ်စလာမ်၏ထံသို့ "အင်န်ဂျီလ်" ကျမ်းတော်ကို၎င်း ထုတ်ပြန်တော် မူခဲ့၏။ သို့ရာတွင် ထိုကျမ်းဂန်တို့တွင် လူတို့သည် ပြောင်းလဲမှုများပြုလုပ်ခဲ့ကြသည်ဖြစ်ရာ၊ လက်ရှိ"ဗိုက်ဗလ်" (**Bible**) ခေါ်သမာကျမ်းများ(ဝါ)ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းများမှာ မိုးကောင်းကင်မှ ကျရောက်လာသော မူရင်းကျမ်းတော်များ မဟုတ်ပေ။

"ကုရ်အာန်"ကျမ်းတော်မြတ်သည် နောက်ဆုံး၌ ပွင့်တော်မူသော ကျွန်ုပ်တို့၏ နဗီ၊ ရစူလ် တမန်တော် မုဟမ္မဒ်သခင် ဆလ္လလ္လာဟု အလိုက်ဟိ ဝစလ္လမ်၏ထံသို့ ကျရောက်ခဲ့၏။ ယနေ့တိုင်အောင်၊ ထိုကုရ်အာန်ကျမ်းတော်မြတ်တွင် ဝတ်စတပေါက်၊

စာတလုံးမျှပင် အပိုအလို မရှိခဲ့သည် သာမက၊ အနာဂတ်တွင်လည်း အလျင်းရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ထိုကုရ်အာန်ကျမ်းတော်လာ မည်သည့်အကြောင်းတရပ်ကို မဆို ငြင်းပယ်ခဲ့လျှင်၊ ကာဖစ်ရ်ဖြစ်သွားပေမည်။ အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင်၊ ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့၏။ ထိုအသျှင်မြတ်ကိုယ်တော်တိုင်ပင် ယင်းကျမ်းတော်မြတ်ကို ထိန်းသိမ်းတော်မူမည်ဖြစ်၏။ ယနေ့လည်း ကမ္ဘာ့ အနှံ့အပြားတွင် သိန်းပေါင်းများစွာသော မွတ်စ်လင်မ်တို့၏ ရင်တွင်းဝယ် ထိန်းသိမ်း၍ ထားရှိပြီးဖြစ်ချေသတည်း။

## "ကဗ်ရ်"သင်းချိုင်းနှင့်စပ်လျဉ်းသော အယူဝါဒ (ယုံကြည်ချက်) များ။

လူသားတို့သည် သေပြီးနောက် "အီမာန်" ယုံကြည်မှုနှင့်စပ်လျဉ်း၍ရင်း၊ 'ကုဖ်ရ်'သေ့ဖည်ငြင်းပယ်မှုနှင့်စပ်လျဉ်း၍ရင်း၊ ကောင်းမှု၊ မကောင်းမှုတို့နှင့် စပ်လျဉ်း၍ရင်း အကျိုးအပြစ်ပေးခြင်းတို့ကို မုချခံကြရမည်ဖြစ်သည်။ "ကဗ်ရ်" သင်းချိုင်းမှာမူကား တမလွန်ဘဝ၏ ပထမစားခန်းပင်ဖြစ်ပေသည်။ သင်းချိုင်းတွင်းဝယ် "မွန်ကရ်" နှင့် "နကီရ်"အမည်ရှိ ကောင်းကင်တမန်နှစ်ပါးရောက်ရှိလာပြီးလျှင်၊ အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအသျှင်သည် မည်သူနည်းဟူ၍ရင်း၊ အသင် သက်ဝင်ယုံကြည်သော သာသနာသည်အဘယ်နည်းဟူ၍ရင်း၊ မုဟမ္မဒ်သခင်သည် မည်သူနည်းဟူ၍ရင်း စစ်ဆေးမေးမြန်းကြပေသည်။ သူသေသူမှာ "မုအ်မင်န်" ဖြစ်ခဲ့လျှင်၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူ

တော်မူသော အသျှင်မှာ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူကြောင်း၊ ကျွန်ုပ်ယုံကြည်လက်ခံသော သာသနာမှာ အစ္စလာမ်သာသနာပင် ဖြစ်ကြောင်း၊ မုဟမ္မဒ်သခင်မှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်ပင်ဖြစ်တော်မူကြောင်း ဖြေကြားလော့ရှိပေရာ၊ ထိုသူ၏အဖို့ သင်းချိုင်းမှာ ကျယ်ဝန်းသွားလေသည်။ "ကိယာမသ်" ရှင်ပြန်ထမည့်နေ့အထိ ကောင်းမွန်ချမ်းသာစွာနေရလေသည်။

အကယ်၍ သူသေမှာ "ကါဖစ်ရ်" သွေ့ဖည်ငြင်းပယ်သူသော်ရင်း၊ "မုနာဖစ်က်" အယောင်ဆောင် မွတ်စ်လင်မ်သော်ရင်း ဖြစ်ခဲ့မူ၊ မှန်ကန်စွာဖြေကြားနိုင်ခြင်းမရှိသဖြင့်၊ အမျိုးမျိုးသောပြစ်ဒဏ်ကို ခံစားရလေသည်။ "ကိယာမသ်" တိုင်အောင် ယင်းကဲ့သို့ပင် ခံစားလျက်ရှိပေမည်။

ဘဝအမျိုးမျိုးပြောင်းလဲခြင်းဟူသော အယူဝါဒမှာ ယုတ္တိယုတ္တာအလျင်းမရှိ၊ လုံးဝမှားယွင်းသော အယူဝါဒပင် ဖြစ်ပေသည်။ လူသားတို့သည် အခြား ခန္ဓာကိုယ်တွင်း၌ ကူးပြောင်းဝင်ရောက်ခြင်းအလျင်းမရှိချေ။ မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးအပြစ်ကို သင်းချိုင်းတွင်း၌ ခံစား၊ စံစားကြရသည်သာဖြစ်ပေသည်။ တမလွန်ဘဝ၌လည်း ခံစား၊ စံစားကြရဦးမည်ဖြစ်သည်။ သင်းချိုင်းတွင်း၌ ပြစ်ဒဏ် ခံစားရခြင်းမှာ အမှန်ပင်ဖြစ်သည်။ "သင်းချိုင်း"တွင်းဟု ဆိုခြင်းမှာ မြေကြီး၌တူးထားသော တွင်းကိုသာ၊ ဆိုလိုသည်မဟုတ်၊ သေပြီးသည့် နောက်အချိန်မှစ၍ "ကိယာမသ်" ရှင်ပြန်ထမည့်နေ့၏ ကြားကါလကို ဆိုလိုသည်။

# ''ကိယာမသ်'' ကမ္ဘာပျက်မည့်နေ့နှင့်ရင်း ''ဟရှ်ရ်'' စုရုံးခြင်းနှင့်ရင်း စပ်လျဥ်းသော အယူဝါဒ (ယုံကြည်ချက်) များ။

''ကိယာမသ်'' ကမ္ဘာပျက်မည့်နေ့မကျရောက်မီ ဒဂ်ျဂ်ျာလ် ထွက်ပေါ်လာခြင်း၊ မစီဟ် အီစာသခင်နှင့် ''မဟ်ဒီ'' သခင်တို့ ကြွရောက်လာခြင်း၊ မှန်ကန်သော ဟဒီဆ်တော်များနှင့် သာဓက အဖြစ် ကိုးကား တင်ပြနိုင်လောက်အောင် ခိုင်လုံသော ဟဒီဆ် တော်များ၌ပါရှိပြီးဖြစ်သောအကြောင်းကိစ္စများဖြစ်ပေါ်လာ ခြင်းတို့မှာ မုချအမှန်ဖြစ်သည်။ ဖေါ်ပြပါအချက်အလက် အ ကြောင်းကိစ္စအားလုံးဖြစ်ပေါ်လာပြီးမှသာလျှင်၊ 'ကိယာမသ်' ဖြစ်ပေမည်။ ထိုအခါ မိုးကောင်းကင်များသည်ရင်း၊ ကမ္ဘာ မြေသည်ရင်း၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိသက်ရှိ သက် မဲ့ အလုံးစုံတို့မှာ သေကြေပျက်စီးသွားကြပေမည်။ ထို့နောက် တဖန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်ကိုရင်း၊ ကမ္ဘာ မြေကိုရင်း ထပ်မံ၍ဖန်ဆင်းတော်မူမည်။ လူသားတို့အားလည်း ရှင်ပြန်ထစေတော်မူမည်။ အလ္လာဟ်အသျှင်မြတ်သည် တရားရုံး တော်ဖွင့်တော်မူမည်။ လူသားတို့၏ ကောင်းမှုသုစရိုက်များနှင့် မကောင်းမှု ဒုစရိုက်များ စစ်ဆေးမေးမြန်းခြင်း၊ ချိန်စက်ခြင်း ခံကြရမည်။ ''ဆိရာသ်'' ခေါ် တန်တားပေါ်မှ ဖြတ်ကူး၍သွား ကြရမည်။ ကါဖစ်ရ်မိစ္ဆာဒိဋ္ဌိတို့သည် အမြဲထာဝရ ''ဂျဟန္နမ်'' ငရဲဘုံ၌ နေကြရမည်။ မွတ်စ်လင်မ်များသည် ပြစ်မှု ဒုစရိုက် များ၏ ပြစ်ဒဏ်ကို ခံစားကြရန် ဂျဟန္နမ် လားကြရမည်။

ထို့နောက် ဂျန္နသ်သုခဘုံသို့ ရောက်ရှိကြ၍ အမြဲထာဝစဉ် နေထိုင်ခွင့် ရရှိကြပေမည်။ ရစူလ်ကိုယ်တော်မြတ်သည် အပြစ်ကျူးလွန်သော မွတ်စ်လင်မ်တို့အဖို့ အလ္လာဟ်အသျှင်မြတ်အထံတော်တွင် "ရှဖါအသ်" ကြားဝင် အသနားခံ ပေးတော်မူမည်။ အလ္လာဟ်အသျှင်မြတ်ကလည်း တိုယ်တော်မြတ်၏ ကြားဝင် အသနားခံခြင်းကို သဘောတူ လက်ခံတော်မူမည်။ ထို့အတူ သူတော်စင်များကလည်း အပြစ်ရှိသူတို့အား ကြားဝင်အသနားခံ၍ ပေးကြမည်။ ကလေးသူငယ်များကလည်း ကြားဝင်အသနားခံ၍ပေးကြဦးမည်။ အထက်ဖေါ်ပြပါ ကြားဝင်အသနားခံပေးမှုတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက် အရသာလျှင် ဖြစ်ကြရပေမည်။

## အစ္စလာမ်သာသနာတော်၏ မဏ္ဍိုင် (၅) ရပ်။

အစ္စလာမ်သာသနာတော်၏ မဏ္ဍိုင် ၅- ရပ် ရှိသည်။ ၎င်းတို့ကို အစ္စလာမ်၏အုဋ်မြစ်ဟူ၍၎င်း၊ အခြေအမြစ်ဟူ၍၎င်း၊ အခြေခံဟူ၍၎င်း၊ အရင်းမူလဟူ၍၎င်း အမျိုးမျိုး ခေါ်ဆိုနိုင်ပေသည်။ ၎င်းတို့မှာ (၁) သောဟ်ဟီဒ်။ (၂) ဆလာသ်ဝတ်ပြုခြင်း။ (၃) ဇကာသ်ပေးဆောင်ခြင်း။ (၄) ဆိယာမ် ဥပုသ်သီလ ဆောက်တည်ခြင်း။ (၅) ဟဂျ်ပြုခြင်းတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် ပထမအဓိကအချက်မှာ အလ္လာဟ်အသျှင်မြတ် တဆူတည်းဖြစ်တော်မူကြောင်း၊ အစစ အရာရာတွင် အကယ်စင်စစ် ခြယ်လှယ်နိုင်သော အသျှင်မှာ တဆူတည်းသော အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်ခတော်မူကြောင်း လေးနက်

စွာ ယုံကြည်ခြင်းပင် ဖြစ်ပေသည်။ ဤသည်ကိုပင် "သောက်ဟိဒ်"ဟု ခေါ်ဝေါ်ပညတ်ခြင်းဖြစ်သည်။ ထို့နောက်၊ ဒုတိယ အဓိကအချက်မှာ "ဆလာသ်"ဝတ်ပြုခြင်း၊ ထို့နောက် တတိယ အဓိက အချက်မှာ "ဇကာသ်" ပေးဆောင်ခြင်း၊ ထို့နောက် စတုတ္ထအဓိကအချက်မှာ "ဆိယာမ်" ဥပုသ်သီလ ဆောက်တည်ခြင်း၊ ထို့နောက် ပဉ္စမ အဓိကအချက်မှာ "ဟဂ်ျ" ပြုခြင်းတို့ ဖြစ်ကြပေသည်။

## ရေနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။
## (ရေတွင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ။)

✓အနည်းငယ်သောရေ၌ အညစ်အကြေးကြခဲ့လျှင်၊ ထိုရေမှာ မသန့်ဖြစ်သွား၏။ အနည်းငယ်သောရေဆိုသည်မှာ စီးတွေ့ခြင်းမရှိသော၊ လေးဆယ့်လေး (၄၄)တောင်ပတ်လည်(၀၁) စတုရန်းပေသုံးရာ့သုံးဆယ် (၃၃၀)ထက် လျော့နည်းသောရေ အားလုံးကိုဆိုလိုသည်။

အကယ်၍ ရေတွင်းထဲ၌ အညစ်အကြေးကျခဲ့လျှင်၊ ထို အညစ်အကြေးသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ရေတွင်း၌ရှိသောရေမှာ မသန့်ဖြစ်သွားပေမည်။ ထို့အတူ ခန္ဓာကိုယ်၌ ယိုစီးသောသွေးရှိသည့် တိရစ္ဆာန်ကျ၍ သေခဲ့လျှင်လည်း ရေတွင်းမှာ မသန့်ဖြစ်သွားပေမည်။ အကယ်၍ရေတွင်းထဲသို့ အရက်သော်၎င်း၊ သွေးသော်၎င်း၊ ကျင်ကြီး ကျင်ငယ်သော်၎င်း၊ တစက်မျှကျခဲ့လျှင်၊ သို့မဟုတ် မသန့်သောအဝတ်

ကျခဲ့လျှင် သို့မဟုတ်ခန္ဓာကိုယ်၌ဖြစ်စေ၊ အဝတ်အစား၌ဖြစ်စေ အညစ်အကြေးလူးကပ်ပေကျံလျက်ရှိသော လူတဦးတယောက်သည် ရေငုတ်ခဲ့လျှင်၊ သို့မဟုတ် လူသေဘ်ရင်း၊ ဝက်သေဘ်ရင်း ကျသေခဲ့လျှင်၊ သို့မဟုတ် ဝက်တိရစ္ဆာန်ကျ၍မသေဘဲ ပြန်ထွက်ခဲ့လျှင်၊ သို့မဟုတ် မြင်း၊ မြည်း၊ ကုလားအုတ်၊ ကျွဲ၊ ခွေး၊ ကြောင် ၂ ကောင်ကျ၍သေခဲ့လျှင် ရေတွင်းမှာ မသန့်ဖြစ်သွားပေမည်။ သို့ဖြစ်ရာ ရေတွင်း၌ ရှိသောရေကို ကုန်စင်အောင် ခပ်၍ထုတ်ပစ်ရမည်။

အကယ်၍ ကြွက်သေဘ်ရင်း၊ စာကလေးသေဘ်ရင်း၊ စာကလေး သို့မဟုတ် ကြွက်အရွယ်မျှရှိသော အခြား တိရစ္ဆာန်သေဘ်ရင်း ကျ၍သေခဲ့လျှင် ရေတွင်းမှရေကို ပုံး ၂၀-ငင်၍ထုတ်ပစ်ရမည်။ အကယ်၍ ခို၊ ကြက်၊ ကြောင် သို့မဟုတ် ထို့မျှကြီးသော အခြားတိရစ္ဆာန် တကောင်ကျ၍ သေခဲ့လျှင်၊ ပုံးလေးဆယ်ထုတ်ပစ်ရမည်၊ ပုံးဟူသည် ရေတွင်း၌ရှိသော အမြဲရေခပ်နေကျ ရေပုံးကိုဆိုလိုသည်။

အကယ်၍ ရေတွင်းထဲ၌ရှိသော ရေအားလုံးကို ကုန်စင်အောင် ခပ်၍ထုတ်ပစ်ရန်တာဝန်ရှိနေသော်လည်း ရေတွင်းမှရေ အဆက်မပြတ် ထွက်နေသောကြောင့် ရေကိုကုန်စင်အောင် ထုတ်မပစ်နိုင်လျှင်၊ ရှေးဦးစွာ ကျောက်ခဲတလုံးကို ကြိုးဖြင့်ချည်ပြီးလျှင် ရေတွင်းအောက်ထိအောင်ချ၍ ရေမည်မျှရှိသည်ကိုခန့်မှန်းရမည်။ အကယ်၍ ဥပမာ-ရေသည် ဆယ်တောင်နက်လျှင် တနာရီခန့်ရေငင်ပြီးနောက် ရေမည်မျှ လျော့သွားသည်ကို ပြန်လည်၍

တိုင်းကြည့်ရမည်။ အကယ်၍ ဥပမာ-ရေတဲတောင်လျှော့ခဲ့လျှင် ထိုနည်းအတိုင်း ဆယ်နာရီအထိ ရေငင်ပစ်ရမည်။

အကယ်၍တိရစ္ဆာန် တကောင်ကျသေပြီးနောက် ပုတ်ပွလှာခဲ့သော်၊ သို့မဟုတ် ပေါက်ကွဲသွားခဲ့သော် ထိုတိရစ္ဆာန်မှာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရေတွင်း၌ရှိသောရေကိုကုန်စင်အောင် ငင်၍ထုတ်ပစ်ရမည်။ တချိန်တည်း၌ ငင်ပစ်သည်ဖြစ်စေ၊ အလီလီငင်ပစ်သည်ဖြစ်စေ ကြိုက်သည့်နည်းဖြင့်ဆောင်ရွက်နိုင်ခွင့်ရှိပေသည်။

✓ရေထဲ၌ပေါက်ဖွား၍ ရေထဲ၌ပင် နေထိုင်လေ့ရှိသော တိရစ္ဆာန် ဥပမာ- ငါး၊ လိပ်၊ ဖါး စသော ရေသတ္တဝါများ သေခဲ့လျှင် ရေမသန့်မဖြစ်ချေ။ ရေကန်တခုသော်၎င်း၊ ရေအိုင်တခုသော်၎င်း အလျားအနံ ငါးကိုက်ခွဲစီ၊ သို့မဟုတ် စတုရန်းပေ(၃၃၀) ရှိခဲ့သော် "ဒဟ်ဒရ်ဒဟ်"ဟု ခေါ်သည်။ ဤဖော်ပြရေးသားခဲ့သော အမိန့်ပညတ်တော်များကို အထူးဂရုပြု၍ လိုက်နာကျင့်သုံးအပ်ပေသတည်း။

## ကျင်ကြီးကျင်ငယ်စွန့်ခြင်းနှင့် အညစ်အကြေး သုတ်သင်ခြင်းနှင့်သက်ဆိုင်သော အမိန့်ပညတ်များ။

### အညစ်အကြေးသုတ်သင်ခြင်း။

အိမ်သာ မတက်မီ اَللّٰهُمَّ اِنِّيْٓ اَعُوْذُ بِكَ مِنَ الْخُبُثِ وَالْخَبَآئِثِ ۝

ရွတ်ဖတ်ရမည်။ ထို့နောက် လက်ဝဲဘက်ခြေကိုလှမ်း၍ အိမ်သာ အတွင်းသို့ ဝင်ရမည်။ အိမ်သာ အတွင်း ထိုင်သော အခါ၊ "ကစ်ဗ်လဟ်"ဖက်သို့ မျက်နှာလှည့်၍ ရင်း၊ ကျောပေး၍ရင်း မထိုင်ရ။ ကျင်ကြီးကျင်ငယ်စွန့်ပြီးလျှင် မြေကြီးခဲသုံးလုံး၊ သို့ မဟုတ် ငါးလုံးဖြင့် အညစ်အကြေးသုတ်သင်ရမည်။ ထိုနောက် ရေဖြင့်စင်ကြယ်အောင် ဆေးကြောရမည်။ ဆေးကြောပြီး နောက် အပြင်သို့ ထွက်လာသောအခါ- غُفْرَانَكَ اللّٰهُمَّ ဖတ်ရမည်။ ✓ကျင်ကြီးကျင်ငယ်စွန့်သောအခါ မိမိအရှက်အင်္ဂါ ကိုမကြည့်ရ။ ✓အလ္လာဟ်၊ ရစူလ်၏နာမံတော်၊ သို့မဟုတ်ကုရ်အာန် ကျမ်းတော်မြတ်၏ အာယသ်တော်ရေးသားပါရှိသော လက်စွပ် ကိုဝတ်၍ အိမ်သာမတက်ရ။

✓ကျင်ငယ်စွန့်ပြီးလျှင် ကျင်ငယ်အစက်များ လုံးဝစင်သွား သည်အထိ၊ မြေကြီးခဲဖြင့်သုတ်သင်ရမည်။ ကျင်ကြီးကျင်ငယ် စွန့်နေစဉ် "စလာမ်" မေတ္တာပို့သခြင်း၊ တစုံတယောက်က "စလာမ်"မေတ္တာပို့သသည်ကိုတုန့်ပြန်ခြင်း၊ အခြား တစုံတရာ ပြောဆိုခြင်းတို့ကိုမပြုရ။

မြေကြီးခဲဖြင့် အညစ်အကြေး သုတ်သင်ရန် နည်းမှာ ယောကျ်ားများသည် နွေဥတု၌ ပထမမြေကြီးခဲတလုံးကို ရှေ့မှ နောက်သို့ယူသွားရမည်။ ထို့နောက် ဒုတိယခဲလုံးကို နောက်မှ ရှေ့သို့ယူလာပြီး၊ တတိယခဲလုံးကို ရှေ့မှနောက်သို့ယူသွားရမည်။ ဆောင်းဥတု၌ ပထမခဲလုံးကို နောက်မှရှေ့သို့၊ ဒုတိယကို ရှေ့မှ

နောက်သို့၊ တတိယကိုမူ နောက်မှရှေ့သို့ ယူလာရမည်။ အမျိုးသမီးများမှာ မူကား၊ ရာသီဥတုမရွေး ပထမ ခဲလုံးကို ရှေ့မှ နောက်သို့ယူသွားရမည်။ ယင်းကဲ့သို့ခဲလုံးဖြင့် သုတ်သင်ပြီးလျှင် ရေဖြင့် အညစ်အကြေး စင်သွားအောင် ဆေးပစ်ရမည်။ မြင်းချေး၊ နွားချေး၊ အရိုး စသည်ဖြင့်ရင်း၊ အခြား မသန့်သော အရာဝတ္ထုတစုံတခုဖြင့်ရင်း အညစ်အကြေးသုတ်သင်ပိုင်ခွင့် မရှိချေ။ အရှက်အင်္ဂါလပ်နေသောအခါမျိုးတွင် စကားစမြည်ပြောခြင်း၊ နှာချေ၍ "အလ်ဟာမ်ဒုလစ်လ္လာဟ်" ဆိုခြင်း၊ အခြားတဦးတယောက်က နှာချေပြီး "အလ်ဟာမ်ဒုလစ်လ္လာဟ်" ဆိုသည်ကို ကြား၍ "ယရ်ဟာမုကလ္လာဟ်" ဆိုခြင်း၊ အကြောင်းမဲ့ကြာရှည်စွာထိုင်နေခြင်းတို့ကို ပြုပိုင်ခွင့်မရှိပေ။

တွင်းထဲသို့ရင်း၊ နိမ့်သောနေရာ၌ဆိုင်၍ အမြင့်ဘက်သို့ရင်း၊ မတ်တတ်ရပ်၍ရင်း ကျင်ငယ်စွန့်ခြင်းသည် မတ်က်ရူဟ်ဖြစ်သည်။ တွင်းထဲသို့ ကျင်ငယ်စွန့်ခြင်းသည် (ရန်မူတတ်သောပိုးမွှားတိရစ္ဆာန်များထွက်လာနိုင်သောကြောင့်) အန္တရာယ်မကင်းဖြစ်သည်။ ရေချိုးခန်း၌ ကျင်ငယ်စွန့်ခြင်းသည်လည်း မတ်က်ရူဟ်ပင်ဖြစ်ပေသည်။ ထို့အတူလက်ျာလက်ဖြင့် အညစ်အကြေးသုတ်သင်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်နေစဉ် တစုံတရာ စားသောက်ခြင်းတို့မှာလည်း မတ်က်ရူဟ်ပင် ဖြစ်၏။ အရွယ်ရောက်ပြီးဖြစ်သော အမျိုးသား၊ အမျိုးသမီးတိုင်းအပေါ်၌ အညစ်အကြေးများမှ ကင်းနိုင်အောင် နည်းအမျိုးမျိုးဖြင့် ဆင်ခြင်ရန်ရင်း၊ ရှောင်ရှားရန်ရင်း ကြီးလေးသောတာဝန်ပင် ဖြစ်ချေသတည်း။

## အညစ်အကြေးများနှင့် စပ်လျဉ်းသော အမိန့်ပညပ်များ။

တိရစ္ဆာန်အပေါင်းတို့၏ ကျင်ကြီး၊ လူတို့၏ကျင်ကြီး၊ ကျင်ငယ်၊ သုက်ရည်၊ အရက်၊ သွေး၊ ကြက်ချေး၊ ဘဲချေး တို့မှာ "နိဂျာစတ်ဂလီဇဟ်" (အလွန်ညစ်ထည်းသော အညစ် အကြေးများပင်)ဖြစ်ကြသည်။ စားပိုင်ခွင့်ရှိသော တိရစ္ဆာန်တို့၏ ကျင်ငယ်သည်ရင်း၊ စားပိုင်ခွင့် မရှိသော ငှက်တိရစ္ဆာန်တို့၏ ချေးသည်ငင်း"နိဂျာစတ်ခဖိဖဟ်"အနည်းငယ်ပေါ့လျော့သော အညစ်အကြေး)ဖြစ်သည်။ စားပိုင်ခွင့်ရှိသော ငှက်တိရစ္ဆာန်တို့၏ ချေးမှာသန့်၏

"နိဂျာစတ်ဂလီဇဟ်"ခေါ် အလွန်ညစ်ထည်းသော အညစ်အကြေးမှာ အစိုင်အခဲရှိသော(ဥပမာ-ကျင်ကြီး)နှင့် အစိုင်အခဲ မရှိသော အညစ်အကြေး(ဥပမာ-ကျင်ငယ်)ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏။ ဥပမာ - ခန္ဓာကိုယ်၌ ဖြစ်စေ၊ အဝတ်အစား၌ဖြစ်စေ။ "နိဂျာစတ်ဂလီဇဟ်"ခေါ် အလွန်ညစ်ထည်းသော အညစ် အကြေးလူးကပ်နေလျက် ဆလာသ်ပြုမိခဲ့လျှင်၊ အကယ်၍ ထိုအညစ်အကြေးသည် ဒစ်ရိဟာမ်ခန့်ထက်လျော့နည်းခဲ့လျှင်၊ ထိုပြုမိခဲ့သော ဆလာသ်မှာ ပိုင်သွားပေမည်။ အကယ်၍ ဒစ်ရိဟာမ်ခန့် ထက်ပိုခဲ့လျှင်၊ ဆလာသ်ပိုင်မည်မဟုတ်ပေ။ ဒစ်ရိဟာမ်မှာ အင်္ဂလိပ် ငွေမတ်စေ့ နှင့် အလေးချိန်ညီမျှ၏။ အစိုင်အခဲရှိသော အညစ်အကြေးတွင် အလေးချိန်သာ ပမာဏ ဖြစ်သည် အစိုင်အခဲ မရှိသောအညစ်အကြေးတွင် ငွေဒင်္ဂါးခန့် အပြန့်သည် ပမာဏ ဖြစ်သည်။

"နိဂျာစသ်ခမီဖဟ်"ခေါ် အနည်းငယ်ပေါ့လျော့သော အညစ်အကြေးသည် ၃-ပုံ ထက်လျော့ခဲ့လျှင် ဆလာသ်ပိုင်သွားပေမည်။ ၃-ပုံဟူသည် အညစ်အကြေး ပေကျံနေသော ခန္ဓာကိုယ်၏ အစိတ်အပိုင်း၊ သို့မဟုတ် အင်္ကျီအဝတ်အစား၏အစိတ်အပိုင်းမှ ၃-ပုံ။ ဥပမာ- အင်္ကျီ၏လက်ဘေးပိုင်း၊ ရှေ့ပိုင်းစသည်တို့ကိုဆိုလိုသည်။

အင်္ကျီအဝတ်အစား၌ဖြစ်စေ၊ ခန္ဓာကိုယ်၌ဖြစ်စေ အညစ်အကြေးပေနေလျှင်၊ ရေဖြင့်သုံးကြိမ်ဆေးလျှင် သန့်သွားပေမည်။ အင်္ကျီအဝတ်အစား၌ပေနေလျှင်၊ သုံးကြိမ်လုံး ရေညှစ်ပစ်ရန်လိုအပ်ပေသည်။ ရေညှစ်ရန်မလွယ်ကူသော ဝတ္ထုပစ္စည်း၊ ဥပမာ- ဂုဏ်နီအိတ်၊ ကော်ဇော စသောဝတ္ထုပစ္စည်းဖြစ်ခဲ့လျှင်၊ ရေဖြင့်တကြိမ် ကောင်းမွန်စွာ ဆေပြီးထားလိုက်ရမည်။ ထို့နောက် ရေအစက်ကျခြင်းရပ်သွားသောအခါ တဖန်ပြန်ဆေး၍ ထားလိုက်ရမည်။ ရေအစက်ကျခြင်း ရပ်သွားလျှင်၊ တတိယအကြိမ်ပြန်ဆေးလျှင် သန့်သွားပေမည်။

မြေကြီးပေါ်၌ ကျင်ငယ် သို့မဟုတ် အလားတူအစိုင်အခဲမရှိသော အခြား အညစ်အကြေး တစုံတရာကျခဲ့လျှင်၊ ခြောက်၍အစွန်းအကွက် ပပျောက်သွားခဲ့လျှင်၊ ထိုနေရာသည် သန့်သွားပေမည်။ သံဖြင့်ပြုလုပ်ထားသောပစ္စည်း ဥပမာ-မောင်းချထား၊ ဓါးရှည်၊ သို့မဟုတ် မှန်ပေါ်၌အညစ်အကြေးတစုံတရာ ပေကပ်နေခဲ့သော်၊ ကောင်းမွန်စွာ တိုက်ချွတ်၍ ပစ်လျှင် သန့်သွားပေမည်။

"နိဂျာစသ်ဂလိဇဟ်"ခေါ် အလွန်ညစ်ထည်းသော အညစ်အကြေးသည် ရေထဲ၌ကျခဲ့လျှင်၊ ထိုရေလည်း ယင်း"နိဂျာစသ်ဂလိဇဟ်" ကဲ့သို့ပင် ညစ်ထည်းသွားပေမည်။ အကယ်၍ အပ်ဖျားခန့်မျှသော ကျင်ငယ်အစက်ကလေးများ စဉ်၍ **အဝတ်အစားပေါ်၌** လူးကပ်ခဲ့ပါလျှင်၊ အဝတ်အစားမသန့်မဖြစ်ချေ။ သွားကောင်ကို လိုးပြီးနောက် အသားထဲ၌ ကျန်ရှိနေသောသွေးသည်သန့်၏။ ထိုးသောအခါ ယိုးစီးသောသွေးသာလျှင် မသန့်ဖြစ်၏။ အကယ်၍ ထိုသွေးသည် အသားပေါ်သို့ လူးကပ်သွားခဲ့သော် ရေဆေးပစ်ရန် "ဝါဂျစ်ဗ်" ဖြစ်ပေသည်။

## ဝုဇူနှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။

### ဝုဇူ၌ ဖရိဇ်ဖြစ်သောအချက်များ။

✓ဝုဇူပြုရာ၌ "ဖရိဇ်" (မပြုမနေရ) တာဝန်လေးမျိုးရှိ၏။ (၁) နဖူးဆံစမှ မေးစေ့အောက်အထိ၊ တဖက်နားရင်းမှ တဖက်နားရင်းအထိ၊ မျက်နှာသစ်ခြင်း။ (၂) လက်နှစ်ဘက်ကို တံတောင်ဆစ်ပါဆေးခြင်း။ (၃) ဦးခေါင်းလေးပုံ တပုံကို "မစဟ်" ပြုခြင်း။ (၄) ခြေနှစ်ဘက်ကို ခြေမျက်စိပါဆေးခြင်း။

### ✓ ဝုဇူ၌စွန္နသ်ဖြစ်သောအချက်များ။

(၁) နီယသ်ပြုခြင်း။ (၂) ဗစ္စမစ်လ္လာဟ်ရွတ်ဆိုခြင်း။ (၃) ဦးစွာပထမ လက်ကောက်ဝတ်အထိ လက်နှစ်ဖက်ကိုဆေး

ခြင်း။ (၄) ပါးလုပ်ကျင်းခြင်း။ (၅) တံပူတိုက်ခြင်း။ (၆) နှာခေါင်းထဲရေထည့်(ဆေး)ခြင်း။ (၇) ဝုဇ္ဇူဘွင်ဆေးရသော အင်္ဂါအစိတ်အပိုင်းများအသီးသီးကို သုံးကြိမ်ကျစ်ဆေးခြင်း။ (၈) ဦးခေါင်းတခုလုံးကိုရင်း၊ နားနှစ်ဘက်ကိုရင်း "မစဟ်" ပွတ်ခြင်း။ (၉) မုတ်ဆိတ်နှင့် လက်ချောင်း ခြေချောင်းများ၏အကြားတွင် လက်ချောင်းများဖြင့် ပွတ်သပ်ပေးခြင်း။ (၁၀) ဝုဇ္ဇူ၌ဆေးရသော အင်္ဂါအစိတ်အပိုင်းများကို တခုပြီးတခု ဆက်တိုက်ဆေးခြင်း။ (၁၁) အစဥ်လိုက်ဆေးခြင်း။ (၁၂) ရှေးဦးစွာ မျက်နှာသစ်ခြင်း။ ထို့နောက် တံတောင်ဆစ်ပါလက်နှစ်ဖက်ကို ဆေးခြင်း၊ ထို့နောက်ဦးခေါင်းကို "မစဟ်" ပွတ်ခြင်း၊ ထို့နောက် ခြေနှစ်ဖက်ကို ခြေမျက်စိပါဆေးခြင်း။

## ဝုဇ္ဇူ၌ "မွတ်စ်သဟာဗ်" ဖြစ်သော အချက်များ။

(၁) လည်ကုပ်ကို "မစဟ်" ပွတ်ခြင်း။ (၂) "ကစ်ဗိလဟ်" ဖက်သို့ မျက်နှာမူ၍ထိုင်ခြင်း။ (၃) "ကလိမဟ်ရှဟာဒသ်" ရွတ်ဖတ်ခြင်း။ (၄) အင်္ဂါအစိတ်အပိုင်းများကို ပွတ်တိုက်၍ဆေးခြင်း။ (၅) လကျ်ာဖက်မှ အစပြုခြင်း။ (၆) ဝုဇ္ဇူပြုပြီး ကျန်ရှိသောရေကို မတ်တတ်ရပ်၍ သောက်ခြင်း။ (၇) သူတပါး၏ အကူအညီမပါဘဲ မိမိကိုယ်တိုင်ဝုဇ္ဇူပြုခြင်း။

## ✓ဝုဇ္ဇူ၌ "မတ်ကရူဟ်" ဖြစ်သော အချက်များ။

(၁) မသန့်သောနေရာ၌ ဝုဇ္ဇူပြုခြင်း။ (၂) လကျ်ာလက်ဖြင့် နှာခေါင်းညှစ်ခြင်း။ (၃) ဝုဇ္ဇူပြုနေစဥ် လောကီရေး

ရာများပြောဆိုခြင်း။ (၄) "စွန္နသ်" နည်းနှင့် ဆန့်ကျင်ပြီး ငုဇူပြုခြင်း။ (၅) ရေကိုပို၍သုံးခြင်း။

## ✓ ဝုဇူကိုပျက်စေသောအချက်များ။

(၁) ကျင်ကြီးကျင်ငယ် စွန့်ခြင်း။ သို့မဟုတ် ကျင်ကြီးကျင်ငယ်စွန့်သော ဒွါရ ၂-ခုမှ သုက်ရည်၊ အရည်ကြည်၊ ပိုးမွှား၊ ကျောက်စရစ်ခဲစသည့် တစုံတရာ ထွက်ခြင်း။ (၂) ပါးစပ်ပြည့်လောက်အောင် အန်ခြင်း။ (၃) သွေးသော်၎င်း၊ ပြည်သော်၎င်းထွက်၍ ယိုစီးခြင်း။ (၄) တစုံတရာကို မှီ၍ အိပ်ပျော်သွားခြင်း။ (၅) မူးမေ့သွားခြင်း။ (၆) "ရှုကူအ်" "စဂျဒဟ်" ပြုရသော "ဆလာသ်" တွင် အသံထွက်အောင် ရယ်ခြင်း။ (၇) ခန္ဓာကိုယ် တနေရာရာမှ အညစ်အကြေး တစုံတရာ ထွက်၍ ယိုစီးခြင်း။

✓ * **မှတ်ချက်။** ဆလာသ်ဝတ်ပြုနေစဉ် ဆလာသ်ဝတ်ပြုမှု၏ အနေအထားနှင့်အညီ အိပ်ပျော်သွားလျှင် ဝုဇူမပျက်ချေ။

## ရေချိုးခြင်းနှင့် စပ်လျဉ်းသော ပညတ်ချက်များ။

### အောက်ဖေါ်ပြပါအချက်များကြောင့် ရေချိုးရန် "ဝါဂျိဗ်" ဖြစ်သည်။

(၁) အိပ်ပျော်နေခိုက်ဖြစ်စေ၊ နိုးနေခိုက်ဖြစ်စေ တဏှာရာဂစိတ်ကြွလျက် သုက်ရည်ထွက်ခြင်း။ (၂) ယောကျ်ားက

ရှေ့နောက်ဒွါရတခုခု၌ သံဝါသ ပြုလိုက်ခြင်း။ (၄) ရာသီ ပန်းပွင့်၍ပြီးဆုံးသွားခြင်း။ (၄) ကလေးဖွားမြင်ပြီးနောက် သွေးဆင်းခြင်းမှာ ရပ်စဲသွားခြင်း။

## ရေချိုးခြင်း၌ ''ဖရိုဇ်''ဖြစ်သောအချက်များ။

✓ရေချိုးရာ၌ "ဖရိဇ်" (မလုပ်မနေရ တာဝန်)သုံးမျိုးရှိ၏။ (၁) ပါးလုပ်ကျင်းခြင်း။ (၂) နှာခေါင်းထဲသို့ ရေထည့်ခြင်း။ (၃) တကိုယ်လုံး၌ ရေတကြိမ်လောင်း၍ ချိုးခြင်း။

## ရေချိုးခြင်း၌ ''စွန္နသ်''ဖြစ်သောအချက်များ။

✓ (၁) ရှေးဦးစွာ ခန္ဓာကိုယ်၌ လူးကပ်နေသော အညစ်အကြေးကို ဆေးပစ်ခြင်း။ (၂) ထို့နောက် သန့်ရှင်းရန် ရည်စူးခြင်း။ (၃) ထို့နောက် ဝုဇူပြုခြင်း။ (၄) ခန္ဓာကိုယ်ကို ကောင်းစွာ ပွတ်တိုက်ခြင်း။ (၅) တကိုယ်လုံး သုံးကြိမ် ရေလောင်း၍ချိုးခြင်း။

## သောကြာနေ့နှင့် အီဒ်နေ့များတွင် ရေချိုးခြင်း။

သောကြာနေ့တွင် ဆလာသ်မပြုမီ၊ ရေချိုးခြင်းမှာ "စွန္နသ်" ဖြစ်၏ ထိုနည်းတူစွာ အီဒ် ၂-အီဒ်တွင် ၎င်း၊ "အစ်ဟာရာမ်" ဝတ်ရုံကိုမဝတ်မီ ၎င်း ရေချိုးခြင်းသည် "စွန္နသ်" ပင် ဖြစ်ပေသည်။ ✓ဘာသာခြား တဦးတယောက်သည် အစ္စလာမ်သာသနာသို့ ကူးပြောင်း ဝင်ရောက်လိုလျှင်၊ ရှေးဦးစွာ ၎င်းအား ရေချိုး ပေးသင့်၏။

## အဇာန်နှင့်စပ်လျဉ်းသော အမိန့်ပညပ်ချက်များ။

"ဆလာသ်" အချိန်ကျရောက်မှ "အဇာန်" ဆိုရမည်။ အချိန်မကျရောက်မီ"အဇာန်"ဆိုမိလျှင်၊ အချိန်ကျရောက်သော အခါ ပြန်ဆိုရမည်။ "အဇာန်"၌ဆိုရသော စာပိုဒ်များကို ပီသစွာဆိုရမည်။ အဇာန်ဆိုသူမှာ ယောကျ်ားဖြစ်ရမည်။ အသိဉာဏ်ကောင်းသူဖြစ်ရမည်။ အရွယ်ရောက်ပြီးဖြစ်ရမည်။ ဝုဇူပြုပြီးမှ "အဇာန်"ဆိုသင့်၏။ နား ၂-ဖက်တွင် လက်ညှိုးထည့်၍ "အဇာန်"ဆိုရမည်။ တပိုဒ်စီနား၍ ဆိုရမည်။ အသံကိုအဝေးရောက်စေမည့်နေရာ၌ ရပ်၍ဆိုရမည်။ "အဇာန်"ကို ကြားရသောသူကလည်း ထိုနည်းအတိုင်း တိုးတိုးစွာ လိုက်၍ဆိုရမည်။ သို့ရာတွင် "ဟိုက်ယ၊ အလဆ်ဆလာဟ်"နှင့် "ဟိုက်ယ၊ အလလ်ဖလာဟ်"ဆိုသံကို ကြားရသောအခါ "လာဟောက်လ၊ ဝလာ ကူးဝသ အစ်လ္လာ၊ ဗစ်လ္လာဟစ်လ် အလီး ယစ်လ်၊ အဇီမ်။" ဆိုရမည်။ အဇာန်ဆို၍ပြီးဆုံးသွားသောအခါ၊ "မုအဇ္ဇင်န်" သည်၎င်း၊ အဇာန်ကို ကြားရသော သူတိုင်းသည်၎င်း အောက်တွင် ရေးသားဖေါ်ပြထားသော ဒုအာကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။

"အဇာန်"ဆိုပြီးလျှင်၊ "မဂ်ရစ်ဗ်"အချိန်မှတပါး အခြားအချိန်များတွင် သင့်တော်သော အချိန်ကို သတ်မှတ်၍ ဆလာသ်ပြုရန် လာကြမည့်သူများအား ထိုအချိန်အထိ စောင့်ဆိုင်းရမည်။ "အဇာန်"မှာ အစ္စလာမ်သာသနာတော်၏ ဂုဏ်ကို ထင်ရှားစေသော အထိမ်းအမှတ်တရပ်ဖြစ်သည်။ "မုအဇ္ဇင်န်"

သည် အသံကောင်းသူဖြစ်ရမည်။ (“အဇာန်” ကို ကြားလျှင် ရှုက်သာန် မိစ္ဆာကောင်သည် အဝေးသို့ ရှောင်ပြေးလေ့ ရှိပေသသည်)။

## “အိကာမသ်”နှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။

“အိကာမသ်”ဆိုရာ၌ နား ၂-ဖက်တွင် လက်ညှိုး မထည့်ဘဲ လက်နှစ်ဖက်ကို တွဲလဲချထားကာ ခပ်သွက်သွက် ဆိုရမည်။ ဖရ်ဇ်ဆလာသ်ပြုရန်အလို့ငှါ “အဇာန်”နှင့် “အိကာမသ်”ဆိုခြင်းမှာ “စွန္နသ်မုအက္ကဒဟ်” ဖြစ်သည်။ အိမ်၌ “ဆလာသ်” ပြုလျှင်လည်း “အိကာမသ်”ဆိုခြင်းမှာ “မွတ်စ်သဟာဗ်” ဖြစ်သည်။ “အိကာမသ်” ဆိုရာတွင်လည်း အထက်ဖော်ပြပါ အတိုင်း “အဇာန်”၌ ဆိုသော စာပိုဒ်များကိုပင် ဆိုရသော်လည်း “အိကာမာသ်”တွင် “ဟိုက်တ်၊ အလလ် ဖလာဟ်” ဆိုပြီးနောက် “ကဒ်ကာမသစ်ဆ်ဆလာဟ်” (ဆလာသ်ပြုရန် အဆင်သင့်ရှိနေလေပြီ)။ ၂-ကြိမ်ဖြည့်စွက်၍ဆိုရမည်။

## ကလေးဖွားမြင်သောအခါ “အဇာန်”ဆိုခြင်း။

✔ကလေးမွေးလျှင်၊ (ရေချိုးပြီးနောက်)ထိုကလေး၏လက်ျာဖက်နား၌“အဇာန်”ဆိုခြင်း၊ လက်ဝဲဖက်နား၌ “အိကာမသ်” ဆိုခြင်းမှာ “စွန္နသ်”ဖြစ်၏။

✔“ဆလာသ်” ပြုနေစဉ်ရင်း၊ ကျင်ကြီးကျင်ငယ်စွန့်နေခိုက်ရင်း၊ “ခွသ်ဗဟ်” ဖတ်နေစဉ်ရင်း၊ “အဇာန်” ဆိုသံကို ကြား

လျှင် ကြားရသူတို့က လိုက်၍ ဆိုပိုင်ခွင့်မရှိ။ အရေးကြီးသော အခါမျိုးတွင် ဝုဇူမရှိဘဲ အဇာန်ဆိုခဲ့လျှင် အပြစ်မရှိပေ။

## အဇာန်။

اَللّٰهُ اَكْبَرُ اَللّٰهُ اَكْبَرُ اَللّٰهُ اَكْبَرُ اَللّٰهُ اَكْبَرُ ـ اَشْهَدُ اَنْ لَّآ اِلٰهَ اِلَّا اللّٰهُ
اَشْهَدُ اَنْ لَّآ اِلٰهَ اِلَّا اللّٰهُ . اَشْهَدُ اَنَّ مُحَمَّدًا رَّسُوْلُ اللّٰهِ
اَشْهَدُ اَنَّ مُحَمَّدًا رَّسُوْلُ اللّٰهِ ـ حَيَّ عَلَى الصَّلٰوةِ ـ حَيَّ عَلَى الصَّلٰوةِ
حَيَّ عَلَى الْفَلَاحِ ـ حَيَّ عَلَى الْفَلَاحِ . اَللّٰهُ اَكْبَرُ . اَللّٰهُ اَكْبَرُ لَآ اِلٰهَ
اِلَّا اللّٰهُ ـ (اَلصَّلٰوةُ خَيْرٌ مِّنَ النَّوْمِ)

## အဓိပ္ပါယ်။

(၁) အလ္လာဟ် အသျှင်မြတ်သည် အကြီးအကဲဆုံးဖြစ်တော်မူပါ၏။ (၄-ကြိမ်။)

(၂) ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်မှတပါး ခစ်ပ်ကိုးကွယ်ရာအသျှင်ဟူ၍ အလျှင်းမရှိကြောင်း သက်သေခံပါ၏။ (၂-ကြိမ်။)

(၃) မုဟမ္မဒ်သခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တမန်တော် ဖြစ်တော်မူကြောင်း ကျွန်တော်မျိုး သက်သေခံပါ၏။ (၂-ကြိမ်။)

(၄) ဆာလာသ် ဝတ်ပြုရန် လာကြလေကုန်။ (၂-ကြိမ်။)

(၅) အောင်မြင်မှုရယူရန် လာကြလေကုန်။ (၂-ကြိမ်။)

(၆) အလ္လာဟ်အသျှင်မြတ်သည် အကြီးအကဲဆုံး ဖြစ်တော်မူ၏။ (၂-ကြိမ်။)

(၇) အလ္လာဟ်အသျှင်မြတ်မှ တပါး ပူဇော်ဆည်းကပ် ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိ။ (၁-ကြိမ်။)

(ပ) ဆာလာသ် ဝတ်ပြုမှုသည် အိပ်စက်ခြင်းထက် မွန်မြတ်လှပေသည်။ ဖဂ်ျရ် အဇာန်တွင် "ဟိုက်ယ၊ အလလ်ဖလဟ်" ဆိုပြီးနောက် (၂-ကြိမ်။) ဆိုရမည်။

## အဇာန်ဆိုပြီးနောက်ရွတ်ဖတ်သရဇ္ဈာယ်ရသော ဒုအာ။

اَللّٰهُمَّ رَبَّ هٰذِهِ الدَّعْوَةِ التَّامَّةِ وَالصَّلٰوةِ الْقَائِمَةِ
اٰتِ مُحَمَّدَانِ الْوَسِيْلَةَ وَالْفَضِيْلَةَ وَابْعَثْهُ مَقَامًا مَّحْمُوْدَا
نِ الَّذِىْ وَعَدْتَّهٗ اِنَّكَ لَا تُخْلِفُ الْمِيْعَادَ

## အဓိပ္ပါယ်။

အို-အလ္လာဟ်အသျှင်မြတ်၊ ဤပြည့်စုံလှစွာသော ဖိတ်ခေါ်ချက်ကိုရင်း၊ ဆောက်တည်အံ့ဆဲဆဲဖြစ်သောဆလာသ်ဝတ်ပြုမှုကိုရင်း၊ ပိုင်ဆိုင်တော်မူသောအသျှင်မြတ်၊ အသျှင်မြတ်သည် မုဟမ္မဒ် (သခင်)အား "ဝစီလဟ်" မြင့်မြတ်လှစွာသော အဆင့်အတန်းကိုရင်း၊ အကျိုးကျေးဇူးတော်ကိုရင်း ခြီးမြှင့်ပေးသနားတော်မူပါ။ ထို့မှတပါး အသျှင်မြတ်သည် ထို(မုဟမ္မဒ်သခင်)အား မိမိကတိပြုတော်မူခဲ့သော "မကာါမေမဟ်မူဒ်" သို့ ပို့တော်မူပါ။

ကေန်အမှန် အသျှင်မြတ်သည် (မိမိထားရှိတော်မူသော) ကတိကို ပေါက်ဖျက်တော်မူသည်မဟုတ်ပါ။

**စနာ။**

سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ وَتَبَارَكَ اسْمُكَ وَتَعَالٰى جَدُّكَ وَلَآ اِلٰهَ غَيْرُكَ ۝

**အဓိပ္ပါယ်။**

အို- အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း ဝန်ခံ မြွက်ဆိုပါ၏။ ၎င်းပြင် အသျှင်မြတ်အား ခြီးမွမ်း ထောမနာလည်း ပြုပါ၏။ စင်စစ် အသျှင်မြတ်နာမံတော်သည် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပါ၏။ အသျှင်မြတ်၏ ဂုဏ်ဒြပ်သည်လည်း မြင့်မြတ်လှပါ၏။ အသျှင်မြတ်မှတပါး ပူဇော်ဆည်းကပ်ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍လည်း အလျှင်းမရှိပါ။

**သအောက်ဝုဇ်။**

اَعُوْذُ بِاللّٰهِ مِنَ الشَّيْطٰنِ الرَّجِيْمِ ۝

**အဓိပ္ပါယ်။**

ကျွန်တော်မျိုးသည် ရှိုက်သာန် မိစ္ဆာကောင်၏ နှောင့်ရှက်ဖျက်ဆီးခြင်းမှ ကင်းလွတ်နိုင်ရန် အလ္လာဟ်အသျှင်မြတ်အားဖြင့် **အကာ**အကွယ်ယူပါ၏။

## သတ်စ်မိယဟ်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

## အဝိပ္ပါယ်။

ကျွန်တော်မျိုးသည် အစဉ်သနားကြင်နာ,ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အသျှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

## ဆူရသွလ်ဖါသိဟာဟ် (အဖွင့်ကျမ်း)။

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۙ الرَّحْمٰنِ الرَّحِيْمِ ۙ مٰلِكِ يَوْمِ الدِّيْنِ ۙ
اِيَّاكَ نَعْبُدُ وَاِيَّاكَ نَسْتَعِيْنُ ۙ اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ ۙ
صِرَاطَ الَّذِيْنَ اَنْعَمْتَ عَلَيْهِمْ ۙ غَيْرِ الْمَغْضُوْبِ عَلَيْهِمْ
وَلَا الضَّآلِّيْنَ ۠

## အဓိပ္ပါယ်။

ခြီးမွမ်းထောမနာဟူသမျှတို့ကို စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ် သည်သာလျှင်၊ ခံယူထိုက်တော်မူ၏။ ထိုအသျှင်မြတ်သည် အနန္တကရုဏာတော်ရှင်၊ အစဉ်သနားကြင်နာ,ညှာတာတော်မူသော အသျှင်၊ အကျိုးပေးမည့်နေ့ကို စိုးပိုင်တော်မူသောအသျှင်ဖြစ်တော်မူ၏။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အားသာလျှင် ခယရိုကျိုး၊

ရှိခိုး ဆည်းကပ်ကြပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အထံတော်၌သာလျှင် အကူအညီ တောင်းခံကြပါ၏။ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူပါ။ အကြင်သူတို့၏ လမ်းကို၊ အသျှင်မြတ်သည် ထိုသူတို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့ပါ၏။ ထိုသူတို့သည် အမျက်တော်စူးရှခြင်း ခံကြရသူများလည်းမဟုတ်၊ လမ်းမှားခဲ့သူများလည်းမဟုတ်ကြချေ။

## သဟီယဟ်၊ သရှဟ်ဟွဒ်။

اَلتَّحِيَّاتُ لِلّٰهِ وَالصَّلَوَاتُ وَالطَّيِّبَاتُ ۞ اَلسَّلَامُ عَلَيْكَ
اَيُّهَا النَّبِيُّ وَرَحْمَةُ اللّٰهِ وَبَرَكَاتُهُ ۞ اَلسَّلَامُ عَلَيْنَا
وَعَلٰى عِبَادِ اللّٰهِ الصَّالِحِيْنَ ۞ اَشْهَدُ اَنْ لَّا اِلٰهَ اِلَّا اللّٰهُ
وَاَشْهَدُ اَنَّ مُحَمَّدًا عَبْدُهُ وَرَسُوْلُهُ ۞

## အဒ်ဒိုပါယ်။

ဝစီကံအားဖြင့် ဝတ်ပြုကိုးကွယ်မှုတို့သည်၎င်း၊ ကာယကံအားဖြင့် ဝတ်ပြုကိုးကွယ်မှုတို့သည် ၎င်း၊ ပစ္စည်းဥစ္စာအားဖြင့် ဝတ်ပြု ကိုးကွယ်မှု တို့သည် ၎င်း အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ အို-နဗီတမန်တော်၊ ငြိမ်းချမ်းသာယာမှုအပေါင်းတို့သည်၎င်း၊ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်သည်၎င်း၊ ထိုအသျှင်မြတ်၏ သုခချမ်းသာ ကျက်သရေမင်္ဂလာများသည်၎င်း ကိုယ်တော်မြတ်အပေါ်၌ သက်ရောက်ပါစေသား။ ငြိမ်းချမ်းသာယာမှုအပေါင်းတို့သည် ကျွန်တော်မျိုးတို့ အပေါ်၌

ဝင်း၊ အလ္လာဟ်အသျှင်မြတ်၏ သူတော်ကောင်း ကျွန်အပေါင်းတို့ အပေါ်၌ဝင်း သက်ရောက်ပါစေသတည်း။ ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်မှ တပါး ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျင်းမရှိကြောင်း သက်သေ ခံအပ်ပါသည်။ ထိုမှတပါး မုဟမ္မဒ်သခင်သည် ထိုအသျှင်မြတ်၏ ကျွန်သည်ဝင်း၊ ထိုအသျှင်မြတ်၏ ရစူလ် တမန်တော် သည် ဝင်း ဖြစ်တော်မူကြောင်းကိုလည်း ကျွန်တော်မျိုးသည် သက်သေခံအပ်ပါသည်။

## ဒရူဒ်။

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدٍ وَّعَلٰى اٰلِ مُحَمَّدٍ كَمَا صَلَّيْتَ عَلٰى اِبْرَاهِيْمَ
وَعَلٰى اٰلِ اِبْرَاهِيْمَ اِنَّكَ حَمِيْدٌ مَّجِيْدٌ ۝ اَللّٰهُمَّ بَارِكْ عَلٰى مُحَمَّدٍ
وَّعَلٰى اٰلِ مُحَمَّدٍ كَمَا بَارَكْتَ عَلٰى اِبْرَاهِيْمَ وَعَلٰى اٰلِ اِبْرَاهِيْمَ
اِنَّكَ حَمِيْدٌ مَّجِيْدٌ ۝

## အဓိပ္ပါယ်။

အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ်(သခင်)၏အပေါ်၌ဝင်း၊ (နဗီတမန်တော်) အိဗ်ရာဟီမ်(သခင်)၏သားမြေးများအပေါ်၌ဝင်း ကောင်းချီးမင်္ဂလာ ချပေးသနားတော်မူဘိသကဲ့သို့ပင် (နဗီတမန်တော်) မုဟမ္မဒ်(သခင်)၏ အပေါ်၌ဝင်း၊ (နဗီတမန်တော်) မုဟမ္မဒ်(သခင်)၏ သားမြေးတို့အပေါ်၌ဝင်း ကောင်းချီး မင်္ဂလာကို ချပေးသနားတော်မူပါ။ ကေန်စင်စစ် အသျှင်မြတ်သည်ချီးမွမ်း

ဿောမနဿကို ခံယူထိုက်တော်မူသောအသျှင်၊ အထူးဂုဏ်ကျက်သရေ၊ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူပါ၏။

အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် (နဗီတမန်တော်)အိဗ်ရာဟီမ်(သခင်)၏အပေါ်၌ငှင်း၊ (နဗီတမန်တော်) အိဗ်ရာဟီမ်(သခင်)၏ သားမြေးများအပေါ်၌ငှင်း"ဗရိကသ်" ကျက်သရေမင်္ဂလာ ချပေးသနားတော်မူဘိသကဲ့သို့ပင်၊ မုဟမ္မဒ်(သခင်)၏အပေါ်၌ငှင်း၊ မုဟမ္မဒ်(သခင်)၏ သားမြေးတို့အပေါ်၌ငှင်း "ဗရိကသ်" ကျက်သရေမင်္ဂလာကိုချပေးသနားတော်မူပါ။ ကေန်စင်စစ် အသျှင်မြတ်သည် ခြီးမွမ်းဿောမနဿကိုခံယူထိုက်တော်မူသောအသျှင်၊ အထူးဂုဏ်ကျက်သရေ၊ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူပါ၏။

## ဒုအာ။

اَللّٰهُمَّ اِنِّىْ ظَلَمْتُ نَفْسِىْ ظُلْمًا كَثِيْرًا وَّاِنَّهٗ لَا يَغْفِرُ الذُّنُوْبَ
اِلَّآ اَنْتَ فَاغْفِرْ لِىْ مَغْفِرَةً مِّنْ عِنْدِكَ وَارْحَمْنِىْ اِنَّكَ
اَنْتَ الْغَفُوْرُ الرَّحِيْمُ

## အဓိပ္ပါယ်။

အို-အလ္လာဟ်အသျှင်မြတ်၊ ကေန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကိုမိမိ များစွာပင် နှိပ်စက်ညှဉ်းပန်းခဲ့ပါပြီ။ သို့ရာတွင်

ကေနံ့စင်စစ် အသျှင်မြတ်မှ တပါး ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ် ချမ်းသာပေးနိုင်သူ ဟူ၍လည်း အလျင်းမရှိပါ။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် မိမိအထံတော်မှ အထူးလွှတ်ငြိမ်းချမ်းသာခွင့် ကိုပေးသနားတော်မူခြင်းအားဖြင့် ကျွန်တော်မျိုးအား ခွင့်လွှတ် တော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား သနားကရုဏာလည်း ပြုတော်မူပါ။ အကယ်စင်စစ် အသျှင်မြတ် သည် သာလျှင် အလွန်တရာ လွှတ်ငြိမ်းချမ်းသာခွင့် ပေးသနား တော်မူသောအသျှင်၊ အလွန်တရာသနားညှာတာတော်မူသော အသျှင် ဖြစ်တော်မူပါ၏။

## ဒုအာဘအောကုနူသ်။

اَللّٰهُمَّ اِنَّا نَسْتَعِيْنُكَ وَنَسْتَغْفِرُكَ وَنُؤْمِنُ بِكَ وَنَتَوَكَّلُ عَلَيْكَ وَنُثْنِىْ عَلَيْكَ الْخَيْرَ وَنَشْكُرُكَ وَلَا نَكْفُرُكَ وَنَخْلَعُ وَنَتْرُكُ مَنْ يَّفْجُرُكَ ۞ اَللّٰهُمَّ اِيَّاكَ نَعْبُدُ وَلَكَ نُصَلِّىْ وَنَسْجُدُ وَاِلَيْكَ نَسْعٰى وَنَحْفِدُ وَنَرْجُوْا رَحْمَتَكَ وَنَخْشٰى عَذَابَكَ ۞ اِنَّ عَذَابَكَ بِالْكُفَّارِ مُلْحِقٌ ۞

## အဓိပ္ပါယ်။

အို - **အလ္လာဟ်**အသျှင်မြတ်၊ မုချကေနံ ကျွန်တော်မျိုးတို့ သည် အသျှင်မြတ်အထံတော်၌ အကူအညီ တောင်းခံကြပါ သည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အထံ တော်၌ လွှတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား သက်ဝင်ယုံ

ကြည်ကြပါသည်။ ထို့ပြင်တဝ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ အားထားကြပါသည်။ ထို့မှတပါး ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား အကောင်းဆုံးခြီးမွမ်းထောမနာ ပြုကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား ကျေးဇူးတင်ရှိကြပါသည်။ သို့ရာတွင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား ကျေးဇူးမကန်းကြပါ။ ထို့မှတပါး ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန်ကြကုန်သော သူတို့အား ခွဲခွါ၊ စွန့်ပယ်ကြပါသည်။ အို-အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အားသာလျှင်၊ ရှိခိုးပူဇော် ဆည်းကပ်ကိုးကွယ်ကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်ကိုသာရည်စူး၍ ဆလာသ် ဝတ်ပြုခြင်းကိုငင်း၊ စဂျ်ဒဟ် ပျပ်ဝပ်ဦးချခြင်းကိုငင်း ပြုကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ် အထံတော်သို့သာလျှင်၊ အပြေးအလွှားလာကြပါသည်။ ထို့မှတပါး ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ ကရုဏာတော်ကိုသာလျှင် မြှော်လင့်ကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ပြစ်ဒဏ်ကို ကြောက်ရွံ့ စိုးရိမ်ကြပါသည်။ အသျှင်မြတ်၏ပြစ်ဒဏ်သည်ကား၊ ကာဖစ်ရ်မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌ ကောန်မလွဲ ဆိုက်ရောက်မည်ဖြစ်ပါသတည်း။

## ဝလာမ်လှည့်ပြီး နေ့ဖတ်သောဒုအာ။

اَللّٰهُمَّ اَنْتَ السَّلَامُ وَمِنْكَ السَّلَامُ تَبَارَكْتَ يَاذَا الْجَلَالِ وَالْاِكْرَامِ ۝

## အမိပွါယ်။

အို - အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ပင်လျှင်၊ ငြိမ်းချမ်းမှုကို ပေးသနားတော်မူသော အသျှင် ဖြစ်တော်မူပါသည်။ ထို့ပြင်အသျှင်မြတ်အထံတော်မှသာလျှင် ငြိမ်းချမ်းမှုကို ရနိုင်ပါသည်။ အို- ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော၊ ရက်ရောစွာ ခြီးမြှင့်ပေးသနားတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူပါသတည်း။

(ငင်းပြင် سُبْحَانَ اللّٰهِ အလ္လာဟ်အသျှင်သည် စင်ကြယ်သန့်ရှင်းတော်မူ၏။ (၃၃-ကြိမ်)။

اَلْحَمْدُ لِلّٰهِ ခြီးမွမ်းထောမနာ အပေါင်းကို အလ္လာဟ်အသျှင်မြတ်သာလျှင်ခံယူထိုက်တော်မူ၏။ (၃၃ကြိမ်)။

اَللّٰهُ اَكْبَرُ အလ္လာဟ်အသျှင်မြတ်သည် အကြီးကဲဆုံးဖြစ်တော်မူ၏။ (၃၄-ကြိမ်) ရွတ်ဖတ်ရမည်။)

## ''သယန်မွမ်'' အကြောင်းနှင့် ''သယန်မွမ်'' ပြုနည်း။

အကြင်သူတဦးတယောက်၌ ဝုဇူပြုရန်၊ သို့မဟုတ် ရေချိုးရန် တာဝန်ရှိသော်လည်း ရေမရလျှင်ငင်း၊ ရောဂါတိုးမည်ကို စိုးရိမ်လျှင်ငင်း၊ မမာမကျန်းဖြစ်မည်ကို စိုးရိမ်လျှင်ငင်း၊ ရေတွင်းမှရေငင်ရန်ကြိုး၊ သို့မဟုတ် ရေပုံးမရှိလျှင်ငင်း၊ ရန်သူကို

စိုးရိမ်လျှင်၎င်း၊ ခရီးသွားရာ၌ ရေနှင့်တမိုင်ခရီးဝေးနေလျှင်၎င်း သယမ်မွမ် ပြုပိုင်ခွင့်ရှိ၏။

"သယန်မွမ်"ပြုရာ၌ "နိယသ်" ပြုခြင်းသည် "ဖရ်ဇ်" ဖြစ်သည်။ ဆိုလိုရင်းမှာ သယန်မွမ်ပြုသောအခါ "ဟဒဆ်" (ဝါ)ဝုဇူမရှိခြင်း၊ သို့မဟုတ် "ဂုစ္စလ်"မရှိခြင်းကို ပပျောက်စေရန် သယန်မွမ်ပြုကြောင်း ရည်စူးရမည်။ ယင်းကဲ့သို့ ရည်စူးလျက် လက်ဖဝါးနှစ်ဖက်ကိုသန့်ပြန့်သော မြေကြီးပေါ်သို့ရိုက်ရမည်။ ထို့နောက်လက်နှစ်ဖက်ကိုခါ၍ ဝုဇူပြုသောအခါ မျက်နှာသစ်သကဲ့သို့ပင်၊ နဖူးဆံစမှ မေးစေ့အောက်အထိ၊ တဖက်နားရင်းမှ တဖက်နားရင်းအထိ မျက်နှာတခုလုံးကို ပွတ်သပ်ရမည်။ ထို့နောက် ဒုတိယအကြိမ် လက်ဖဝါးနှစ်ဖက်ကို မြေကြီးပေါ်ရိုက်၍ ခါပြီးလျှင် လက် ၂-ဖက်ကို တံတောင်ဆစ်ပါ ပွတ်သပ်ရမည်။ လက်ချောင်းများ၏ အကြား၌လည်း လက်ချောင်းများဖြင့်ပွတ်သပ်၍ပေးရမည်။ ကျောက်ခဲပေါ်၌လည်း ဖုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ဖဝါးရိုက်၍ သယန်မွမ် ပြုပိုင်ခွင့်ရှိ၏။ ဝုဇူကို ပျက်စေသောအချက်များသည် သယန်မွမ်ကိုလည်းပျက်စေသည်။ ထို့ပြင် ရေရခဲ့လျှင်၊ သို့မဟုတ် ရေအသုံးပြုနိုင်ခဲ့လျှင်လည်း သယန်မွမ် ပျက်သွားလေသတည်း။

## "ဆလာသ်" ပြုချိန်နှင့် "ရက်အသ်"များ။

"ဖဂျ်ရ်"အချိန်မှာ "ဆုဗ်ဟေဆာဒစ်က်" နံနက်နေမထွက်မီ ၁½ နာရီခန့်အချိန်မှစ၍ နေထွက်သည်အထိဖြစ်၏။ "ဇုဟ်ရ်" အချိန်မှာ နေမွန်းလွဲသည်မှ အရာဝတ္ထုတိုင်း၏ အရိပ် ၂-ဆဖြစ်လှာ

သည်အထိဖြစ်၏။ ၂-ဆဆိုသည်မှာ မူလအရိပ်အပြင် ၂-ဆ ဖြစ်ခြင်းကိုဆိုလိုသည်။ မူလအရိပ်ဟူသည် နေမွန်းတည့်နေသောအခါ၌ရှိသောအရိပ်ကိုခေါ်သည်။ (ရှင်းချက်။ ဥပမာ- နေမွန်းတည့်သောအချိန်၌ တုတ်တချောင်းကိုထောင်လိုက်သောအခါ၊ မြေပေါ်ကျသောအရိပ်မှာ မူလအရိပ်မည်၏။ တဖန် အတန်ကြာပြီးနောက် တုတ်ချောင်းကိုပြန်လည်၍ ထောင်ကြည့်သောအခါ၊ ၎င်း၏အရိပ်မှာ မူလအရိပ်ကို ပယ်ပြီးနောက် ထိုတုတ်ချောင်း၏ ၂-ဆဖြစ်ခဲ့သော်၊ "ဇုဟ်ရ်"အချိန် ကုန်ဆုံးသွားပေမည်။)

"အဆ်ရ်"အချိန်မှာ"ဇုဟ်ရ်"အချိန်ကုန်ဆုံးပြီးသည်မှစ၍ နေဝင်သည်အထိဖြစ်၏။ သို့သော် နေရောင်ဝါသွားပြီးနောက် အချိန်မှာ "မတ်က်ရူဟ်"အချိန်ဖြစ်သည်။ "မဂ်ရစ်ဗ်"အချိန်မှာ နေဝင်သည်မှစ၍ အနီရောင်ပျောက်ကွယ်သွားသည်အထိ ဖြစ်၏။ ထိုမှစ၍ "ဆွဗ်ဟေဆာဒစ်က်" နေမထွက်မီ ၁၄ နာရီခန့်အချိန်အထိ"အိရှာအ်"အချိန်ဖြစ်၏။ သို့သော် ညဥ့်သန်ကောင်ယံကျော်ပြီးနောက်အချိန်မှာ "မတ်က်ရူဟ်" အချိန် ဖြစ်သည်။ "ဝစ်သ်ရ်" အချိန်မှာ "အိရှာအ်" ဖတ်ပြီးသည်နောက်မှ စ၍ "ဆွဗ်ဟေဆာဒစ်က်" နေမထွက်မီ ၁၄ နာရီခန့် အချိန်အထိဖြစ်၏။ အီဒ် ၂-အီဒ်၏အချိန်မှာ နေထွက်ပြီးနောက် ဝါးတပြန်မျှမြင့်လာသည်မှစ၍ မွန်းလွဲသည်အထိ ဖြစ်၏။

## ဆလာသ်၏ ရတ်က်အသ်များ။

"ဖဂျ်ရ်ဆလာသ်"မှာ စွန္နသ် ၂-ရတ်က်အသ်၊ "ဖရ်ဇ်" ၂-ရတ်က်အသ်ဖြစ်၏။ "ဇုဟ်ရ်ဆလာသ်"မှာ စွန္နသ် ၄-ရတ်က်

အသ်၊ ဖရိဇ် ၄-ရတ်က်အသ်၊ စွန္နသ် ၂- ရတ်က်အသ်ဖြစ်၏။ "အဆ်ရ်ဆလာသ်" မှာဖရိဇ် ၄-ရတ်က်အသ်ဖြစ်၏။ "မဂ်ရစ်ဗ်ဆလာသ်"မှာ ဖရိဇ် ၃-ရတ်က်အသ်၊ စွန္နသ် ၂-ရတ်က်အသ်ဖြစ်၏။ "အိရှာအ်ဆလာသ်"မှာ ဖရိဇ် ၄-ရတ်က်အသ်၊ စွန္နသ် ၂-ရတ်က်အသ်၊ "ဝစ်သ်ရ်" ၃-ရတ်က်အသ် "ဝါဂျစဗ်"ဖြစ်၏။ "ဝစ်သ်ရ်"၌ တတိယ ရတ်က်အသ်တွင် "ရှုကူအ်" မပြုမီ "ဒုအာအ်ကုန္နသ်" ဖတ်ရလေသည်။ "ဂျုမုအဟ်ဆလာသ်"မှာ စွန္နသ် ၄-ရတ်က်အသ်၊ ဖရိဇ် ၂-ရတ်က်အသ်၊ စွန္နသ် ၆-ရတ်က်အသ် ဖြစ်၏။ "ရမဇာန်"လမြတ်တွင် "အိရှာအ်"အပြီး "ဂျမာအသ်"နှင့် ၂၀-ရတ်က်အသ်၊ "သရာဝိဟ် ဆလာသ်"ပြုခြင်း သည်စွန္နသ်ဖြစ်၏။ "အိဒ္ဒုလ်ဖစ်သ်ရ်"နှင့် အိဒ္ဒုလ်အသ်ဟာ၌ ၂-ရတ်က်အသ်စီ ဆလာသ်ပြုခြင်းမှာ "ဝါဂျစ်ဗ်"ဖြစ်သည်။

အကယ်၍ သောကြာနေ့တွင် "ခွသ်ဗဟ်"လည်း စနေပြီးဖြစ်သည်၊ အကြင်သူတဦးတယောက်သည်လည်း စွန္နသ်ဖတ်ရန် နီယသ် ပြုပြီးခဲ့လျှင်၊ စွန္နသ်ကို ပြီးဆုံးအောင် ဖတ်ပြီး "ခွသ်ဗဟ်"ကို နားတောင်ရမည်။ အကယ်၍ စွန္နသ် ဖတ်ရန် နီယသ်မချည်ရသေးလျှင် စွန္နသ်မဖတ်ဘဲ ခွသ်ဗဟ် နားထောင်ရမည်။ ဂျုမုအဟ် ဖရိဇ် ဖတ်ပြီးမှ၊ ထိုမဖတ်ရသေးသောစွန္နသ်ကိုဖတ်ရမည်။ ထို့အတူ "ဖရိဇ်ဂျမာအသ်"လည်း စနေပြီဖြစ်၍ အကြင်သူသည် စွန္နသ်ဖတ်ရန် နီယသ်ပြုပြီးဖြစ်လျှင်၊ စွန္နသ်ကို ပြီးဆုံးအောင်ဖတ်ပြီးမှ ဂျမာအသ်နှင့်အတူ ဖရိဇ်ကိုဖတ်ရမည်။ အကယ်၍ နီယသ်မပြုရသေးလျှင်၊ စွန္နသ်ကိုမဖတ်ဘဲ ဂျမာအသ်နှင့်အတူ ဖရိဇ်ကိုဖတ်ရမည်။ ဖရိဇ်ပြီးမှ လွတ်သွားသောစွန္နသ်

ကို ဖတ်ရမည် ဖြစ်သည်။ သို့ရာတွင် ဖဂ်ျရ်အချိန်တွင် ဖရ်ဇ် ၁-ရတ်ကဲ်အသ် မှီနိုင်သည်ဟု မြှော်လင့်ချက်ရှိခဲ့လျှင် တစုံတခု၏ အကြွယ်၌ စွန္နသ်ဖတ်ပြီးမှ ဂျမာအသ်သို့ ဝင်ရောက်ရမည်။ အကယ်၍ ထိုသို့မြှော်လင့်ချက်မရှိလျှင်၊ စွန္နသ်မဖတ်ဘဲ ဂျမာအသ် နှင့်အတူ ဝင်ရောက်၍ ဖရ်ဇ်ကိုဖတ်ရမည်။ စွန္နသ်ကို နေထွက် ပြီးမှဖတ်ရမည်။

## ဆလာသ်ဝတ်ပြုမှုနှင့် စပ်လျဉ်းသော 'ဖရ်ဇ်' 'ဝါဂျစ်ဗ်' အချက်များ။

**ဖရ်ဇ်ဖြစ်သောအချက်များ။**

(၁) ခန္ဓာကိုယ်စင်ကြယ်သန့်ရှင်းခြင်း။ (၂) အဝတ်အစားစင်ကြယ်သန့်ပြန့်ခြင်း။ (၃) အရှက်အင်္ဂါဖုံးအုပ်ခြင်း။ ယောကျ်ားများမှာ ချက်မှဒူးအောက်အထိ၊ လုံခြုံစွာဖုံးခြင်း။ မိန်းမများမှာ မျက်နှာ၊ လက်ဖဝါးနှစ်ဖက်နှင့် ခြေနှစ်ဖက်မှအပ တကိုယ်လုံး လုံခြုံစွာ ဖုံးအုပ်ခြင်းသည် ဖရ်ဇ်ဖြစ်သည်။ (၄) နေရာသန့်ခြင်း။ (၅) ဆလာသ်အချိန်ကျရောက်ခြင်း။ (၆) "ကစ်ဗ်လဟ်" ဖက်သို့ မျက်နှာမူခြင်း။ (၇) နီယသ် (ဆလာသ် ပြုရန် ရည်စူးခြင်း)။ (၈) "သတ်ကဗ်ီရ် သဟ်ရီမဟ်" ဆိုခြင်း။ (၉) "ကိယာမ်" ရပ်ခြင်း။ (၁၀) "ကိရာအသ်" (ဝါ) ရှည်သော အာယသ်တပုဒ်၊ သို့မဟုတ် တိုသောအာယသ်သုံးပုဒ်နှင့် အညီ ကုရ်အာန်ဖတ်ခြင်း။ (၁၁) "ရုကူအ်" ဦးညွှတ်ခြင်း။ (၁၂) "စဂ်ျဒဟ်" ပျပ်ဝပ်ဦးချခြင်း။ (၁၃) "ကအ်ဒဟ်အခီ

ရဟ်" နောက်ဆုံး ထိုင်ခြင်း။ (၁၄) မိမိရည်ရွယ်ချက်နှင့် "ဆလာသ်"ကို အဆုံးသတ်ခြင်းတို့ဖြစ်သည်။ ဖော်ပြပါ အချက်များအနက် တစုံတခုလွတ်သွားခဲ့လျှင်၊ ဆလာသ် ပိုင်မည် မဟုတ်ပေ။

**ဝါဂျစ်ဗ်ဖြစ်သော အချက်များ။**

(၁) "စူရဟ်ဖါသိဟဟ်" အလ်ဟမ်ဒု အစအဆုံး ဖတ်ခြင်း။ (၂) "စူရဟ်"တခုခုတွဲခြင်း။ (၃) "ဖရ်ဇ်ဆလာသ်" ၌ ပဌမ ၂-ရတ်ကအ်တွင် ကိရာအသ် ဖတ်ခြင်း။ (၄) "ရုကူအ်" မှ ထသောအခါ တည့်မတ်စွာ ရပ်ခြင်း။ (၅) "စဂျ်ဒဟ်" ၂-ခုအကြား၌ "သဘ်ဒ်ဒီဟ်" (စုဗ်ဟာနလ္လာဟ်) တကြိမ်ခန့်ဆိုင်းငံ့ခြင်း။ (၆) ပထမ"ကအ်ဒဟ်" ထိုင်ခြင်း။ (၇) "သရှဟ်ဟုဒ်"ဖတ်ခြင်း။ (၈) အတ်ဘ္ဘလာမှ အလိုက်ကွန်မ်ဝရဟ် မသွလ္လါဟ်ဆို၍ ဆလာသ်အပြီးသတ်ခြင်း။ (၉) "ဇုဟ်ရ်"နှင့်"အဆ်ရ်"တွင် တိုးတိုးစွာ "ကိရာအသ်"ဖတ်ခြင်း။ (၁၀) မဂ်ရစ်ဗ်၊ အိရှာအ်၊ ဖဂျ်ရ်၊ သရာဝိဟ်၊ ဂျုမုအဟ်နှင့် အီဒ်ဆလာသ်များတွင် အသံကျယ်စွာ "ကိရာအသ်"ဖတ်ခြင်း။ (၁၁) "ဝစ်သ်ရ်ဆလာသ်"တွင် ကုနူသ်ဖတ်ခြင်း။ (၁၂) အီဒ် ဆလာသ်များတွင် "သတ်ဘ်ဒီရ်" အပို ၆-ကြိမ် ဆိုခြင်းတို့ ဖြစ်သည်။ အကယ်၍ ဖော်ပြပါ "ဝါဂျဗ်" အချက်များအနက် တစုံတခုမေ့လျော့၍ ပျက်ကွက်ခဲ့လျှင်၊ "စဂျ်ဒဟ်စဟ်ဝ်" ပြုခြင်းသည် "ဝါဂျစ်ဗ်ဖြစ်သည်။ အကယ်၍ သိလျက်နှင့် ပျက်ကွက်ခဲ့သော်၊ ဖရ်ဇ်တာဝန်ကျသွားသော်လည်း တဖန်ပြန်၍ ဆလာသ် ပြုခြင်းသည် "ဝါဂျစ်ဗ်" ဖြစ်သည်။

## စဂျိုဒဟ် စဟ်ဝ်။

ဆလာသိအတွင်း၌ ဝါဂျစ်ဗိတခုခုမေ့လျော့၍ ပျက်ကွက်ခဲ့လျှင်ရင်း၊ "ဝါဂျစ်ဗ်"တခုခုကို တကြိမ်ထက်ပို၍ ပြုမိခဲ့လျှင်ရင်း၊ ဖရိဇ်တခုခုကို ဆောင်ရွက်ရာ၌ အချိန်နောက်ကျခဲ့လျှင်ရင်း၊ "စဂျိုဒဟ်စဟ်ဝ်" ဝါဂျစ်ဗ်ဖြစ်သည်။

စဂျိုဒဟ်စဟ်ဝ် ပြုနည်းမှာ "သရှဟ်ဟုဒ်" ဖတ်ပြီးလျှင်၊ တဖက်တည်း စလာမ်လှည့်၍ဖြစ်စေ၊ နှစ်ဖက်လုံး စလာမ်လှည့်၍ဖြစ်စေ စဂျိုဒဟ် ၂-ကြိမ်ပြုရမည်။ ထို့နောက်တဖန် သရှဟ်ဟုဒ်၊ ဒရှုဒ်စသည်တို့ကို ဖတ်ပြီးလျှင် စလာမ်လှည့်၍ ဆလာသိကိုအပြီးသတ်ရမည်။ ဂျမာအသ်နှင့် ပြုသော ဆလာသိတွင် တဖက်တည်း စလာမ်လှည့်၍ "စဂျိုဒဟ်စဟ်ဝ်"ပြုသင့်၏။ အီဒ်ဆလာသ် များတွင် ရင်း၊ ဂျမာအသ် များ ပြားလှစွာ သော ဆလာသိတိုင်းတွင် ရင်း၊ လူများလှသဖြင့်အမှားမှား အယှင်းယှင်း ဖြစ်မည်စိုး၍ စဂျိုဒဟ်စဟ်ဝ်ပြုရန် မလိုတော့ပေ။

## ဆလာသိဝတ်ပြုမှု၌ စွန့်သိဖြစ်သော အချက်များ။

(၁) "သတ်ကဗီရ် သဟ်ရိမဟ်"ဆိုသောအခါ လက်၂-ဖက်ကို နားအထိမြှောက်ခြင်း။ (၂) ချက်အောက်တွင် လက်ပိုက်ခြင်း၊ အမျိုးသမီးများမှာ ရင်ပတ်ပေါ်၌ လက်ပိုက်ခြင်း။ (၃) စွင်ဟာန ကလ္လာဟုမ္မ အဆုံးတိုင်အောင်ဖတ်ခြင်း။ (၄) "အအူဇု" အဆုံးတိုင်ဖတ်ခြင်း။ (၅) "ဗစ္စမစ်လ္လာဟ်"အဆုံး

တိုင်အောင်ဖတ်ခြင်း။ (၆) "ရှုကူအိ"၊ "ဇဂျီဒဟ်"သို့ သွားရာ၌ "အလွှာဟုအတက်ဗရ်"ဆိုခြင်း။ (၇) "ရှုကူအိ"၌ အနည်းဆုံး ၃-ကြိမ် "စွင်ဟာနရဗ္ဗိယလ်အဇီမ်" ဆိုခြင်း။ (၈) ရှုကူအ်၌ ဒူးခေါင်းကို လက်ဖြင့်မြဲမြဲစွာကိုင်ခြင်း။ ၎င်းပြင်မိမိခြေခုံကို ကြည့်ခြင်း။ (၉) ဇဂျီဒဟ်၌ အနည်းဆုံး ၃-ကြိမ် "စွဗ်ဟာန ရဗ္ဗိယလ်အအ်လာ"ဆိုခြင်း။ ၎င်းပြင်မိမိနှာခေါင်းကိုကြည့်ခြင်း။ (၁၀) အင်္ဂါအစိတ်အပိုင်း ၇-ခုအပေါ်၌ ဇဂျီဒဟ်ပြုခြင်း။ (၁၁) ပထမနှင့်ဒုတိယ "ကအ်ဒဟ်"တွင် လက်ျာဖက်ခြေကိုထောင်ထား၍၊ လက်ဝဲဖက်ခြေကို ခင်း၍ထိုင်ခြင်း။ အမျိုးသမီးများသည် ခြေ ၂-ဖက်လုံးကို လက်ျာဖက်သို့ အပြင်ထုတ်၍ တင်ပါးပေါ်ထိုင်ခြင်း။ (၁၂) "ဒရူဒ်' 'ဖတ်ခြင်း။ (၁၃) ဒုအာဖတ်ခြင်း။ (၁၄) ဇလာမ်လှည့်ရာတွင် လက်ျာ၊ လက်ဝဲ ၂-ဖက်လုံး မျက်နှာလှည့်ခြင်း။ (၁၅) ဇလာမ်လှည့်သောအခါ "မွတ်က်သဒိ"များနှင့် "မလာအိကဟ်" ကောင်းကင်တမန်များအား ဇလာမ်မေတ္တာပို့သကြောင်း'ရည်စူးခြင်း။ ဖေါ်ပြပါ စွန္နသ်များအနက် တစုံတခု လွတ်သွားလျှင် "ဇဂျီဒဟ်စဟ်ဝ်"ပြုရန်မလိုပေ။ ဆလာသ်ပျက်သွားသည်လည်း မဟုတ်ပေ။ သို့ရာတွင် သိလျက်နှင့်စွန့်ခြင်းသည် အကျိုးကုသိုလ်ယုတ်လျော့စေသည်။

## "ဆလာသ်"ဝတ်ပြုမှု၌ မတ်က်ရှူဟ်ဖြစ်သော အချက်များ။

(၁) ခါးထောက်ခြင်း။ (၂) လက်ကိုအင်္ကျီလက်အပြင်သို့ထုတ်၍ဆွားခြင်း။ (၃) အင်္ကျီအဝတ်အစားကို စုစည်းထား

ခြင်း။ (၄) ခန္ဓာကိုယ်ဖြင့် ဖြစ်စေ၊ အဝတ်အစားဖြင့် ဖြစ်စေ ကစားခြင်း။ (၅) လက်ချောင်းများကိုချိုးခြင်း။ (၆) လကျာ၊ လက်ဝဲဖက်များသို့ လှည့်၍ကြည့် ခြင်း။ (၇) ယောကျ်ားများသည် ဆံပင်ကိုထုံး၍ ဆလာသ်ပွဲခြင်း။ (၈) လိမ်တွန့်၍အပြင်းဆန့်ခြင်း။ (၉) ခွေးထိုင်နည်းမျိုးဖြင့် ထိုင်ခြင်း။ (၁၀) စဂျဒဟ် ပြုရာ၌ လက်ကိုမြေပေါ် ခင်းထား၍ ဝမ်းပိုက်နှင့်ပေါင်ထိထားခြင်း။ (၁၁) အကြောင်းမဲ့တင်ပျဉ်ခွေထိုင်ခြင်း။ (၁၂) 'အိမာမ်' ရှေ့ဆောင်သည် "မစ်ဟ်ရာဗ်" အတွင်း၌ ရပ်ခြင်း။ (၁၃) "အိမာမ်" ရှေ့ဆောင် တဦးတည်း "မွတ်ကဒီ" များထက် ၁-တောင်မျှမြင့်သောနေရာ၌ရပ်ခြင်း။ သို့မဟုတ် "မွတ်ကဒီ" များသည် "အိမာမ်" ထက် ၁-တောင်မြင့်သောနေရာ၌ ရပ်ခြင်း။ (၁၄) တန်းစီ၍ရပ်သူတို့နှင့် အတူမရပ်ဘဲသီးသန့်ရပ်ခြင်း။ (၁၅) ဆလာသ်ဝတ်ပြုသူ၏ ရှေ့၌ ဖြစ်စေ၊ ဦးခေါင်းထက်၌ ဖြစ်စေ ရုပ်ပုံ၊ ဓါတ်ပုံများရှိခြင်း။ (၁၆) ရုပ်ပုံပါသော အဝတ်အစား ဝတ်၍ ဆလာသ်ပွဲခြင်း။ (၁၇) ပခုံးပေါ်၌ စောင်သော်၎င်း၊ အခြားအဝတ်တခုခုသော်၎င်း တွဲလဲချထားခြင်း။ (၁၈) ဘျင်ကြီးကျင်ငယ်စွန့်လိုလျက် ၎င်း၊ ထမင်းဆာနေလျက် ၎င်း၊ ဆလာသ်ပွဲခြင်း။ (၁၉) ဦးခေါင်းအပေါ်၌ ဦးထုပ်အစရှိသော တစုံတရာမပါဘဲ ဆလာသ်ပွဲခြင်း။ (၂၀) "အာသင်မ်" ပညာရှင် ရှိနေပါလျက် ပညာမဲ့သောသူအား ရှေ့ဆောင် "အိမာမ်" အဖြစ်တင်ခြင်း။ (၂၁) "ကိရာအသ်" ဖတ်ရာတွင် အနှောင့် အရှက် မဖြစ်စေနိုင်သော ဝတ္ထုတစုံတရာကို ဥပမာ- ပိုက်ဆံသော် ၎င်း၊ ငွေဒင်္ဂါးသော်၎င်း၊ အခြားဝတ္ထုတစုံတရာသော်၎င်း ပါး

စပ်ထဲငုံ၍ ဆလာသံပြုခြင်း။ အကယ်၍ "ကိရာအသ်" ပြုရာ၌ အနေ္ခာင့် အရှက်ဖြစ်စေခဲ့လျှင် လုံးဝ "ဆလာသ်" ပိုင်မည် မဟုတ်ပေ။ (၂၂) မျက်စိမှိတ်၍ ဆလာသ်ပြုခြင်းလည်း မတ်က်ရှုဟ် ဖြစ်သည်။ သို့ရာတွင် ဆလာသ်ပြုမှု၌ စိတ်ဝင်စားရန် မျက်စိမှိတ်ခဲ့လျှင် မတ်က်ရှုဟ် မဖြစ်ချေ။

## "ဆာလာသ်" ပျက်စေသောအချက်များ။

(၁) သိလျက်နှင့်ဖြစ်စေ၊ မေ့သျော့၍ဖြစ်စေ စကားပြောမိခြင်း။ (၂) "စလာမ်" မေတ္တာပို့သခြင်း။ (၃) တစုံတယောက်က "စလာမ်" ပို့သည်ကို တုံ့ပြန်ခြင်း။ (၄) နှာချေသောသူက "အလ်ဟာမ်ဒုလစ်လ္လာဟ်" ဆိုသည်ကို ကြား၍ "ယရ်ဟာမုကလ္လာဟ်" ဟူ၍တုံ့ပြန်ခြင်း။ (၅) "အဇာန်" ဆိုသံကိုကြား၍ တုံ့ပြန်ခြင်း။ (၆) မိမိ "အိမာမ်" အပြင် အခြားသူထံဦးတယောက် "ကိရာအသ်" ဖတ်ရာ၌ မှားယွင်းသည်ကို ထောက်ခြင်း။ (၇) ဝမ်းမြောက်ဖွယ် သတင်းတခုခုကို ကြား၍ "အလ်ဟာမ်ဒုလစ်လ္လာဟ်" ဆိုခြင်း။ (၈) ဝမ်းနည်းဖွယ် တစုံတရာကို ကြား၍ "အင်န္နာလစ်လ္လာဟိဝ အင်န္နာ အိလိုက်ဟိရာဂျိအွန်" ဆိုခြင်း။ (၉) ဟာယ်၊ အို၊ ဟင်-ဟု ညည်းညူခြင်း။ (၁၀) ကုရ်အာန်ကို စာအုပ်၌ကြည့်၍ ဖတ်ခြင်း။ (၁၁) တစုံတခုစားသောက်ခြင်း။ (၁၂) လက် ၂-ဖက်ဖြင့်တစုံတခုလုပ်ကိုင်ခြင်း။ (၁၃) ကစ်ဗ်လဟ်ဖက်မှ ရင်ပတ်ကိုလှည့်ခြင်း။ (၁၄) "ဖရ်ဇ်" ဖြစ်သောအချက်တခုခုကို အကြောင်းမဲ့ စွန့်လွှတ်ခြင်း။ (၁၅) စဂျ်ဒဟ်၌ ခြေ ၂-ဖက်လုံးကို မထားခြင်း။ (၁၆) အိမာမ်၏ ရှေ့သို့ ရောက်နေခြင်း။ (၁၇) အသံထွက်အောင် ရယ်ခြင်း။

(၁၈) ဝုဋ္ဌပျက်သွားခြင်း။ (၁၉) နာကြင်မှုကြောင့်ဖြစ်စေ၊ ဒုက္ခတစုံတရာကြောင့်ဖြစ်စေ အသံထွက်အောင်ငိုခြင်း။ (၂၀) ကုရ်အာန်ကျမ်းမြတ်ကို အဓိပ္ပါယ် ပြောင်းလဲသွား လောက်အောင် မှားယွင်းစွာရွတ်ဖတ်ခြင်း။ (၂၁) လူသားအချင်းချင်း တောင်းလေ့ရှိသော အရာတခုခုကို ဥပမာ- အစားအသောက်၊ အဝတ်အစား၊ သားမယားစသည်တို့ကို၊ အို-အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား ထမင်းကျွေးတော်မူပါ။ သို့မဟုတ်၊ အဝတ်အစားချီးမြှင့်တော်မူပါ။ သို့မဟုတ်၊ ဇနီးကြင်ရာပေးတော်မူပါ စသည်ဖြင့် ဆုတောင်းခြင်း။ (၂၂) ထူးဆန်းအံ့ဖွယ်သတင်းတစုံတရာကို ကြား၍ "စွဗ်ဟာနလ္လာဟ်" ဆိုခြင်း။ (၂၃) မသန့်သောနေရာ၌ "ဂျေးဟ်" ပျပ်ဝပ်ဦးချခြင်း။

## "ဂျုမုအဟ်"နှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။

"ဂျုမှအဟ်" ဆလသေ်သည် "ဖရ်ဇ်"ဖြစ်သည်။ သို့ရာတွင် ဂျုမှအဟ်ဆာလာသ် ပြုနိုင်ရန် အောက်ဖော်ပြပါ စည်းကမ်းချက်များလိုအပ်ပေသည်။ (၁) မြို့သော်၎င်း၊ ရွာကြီးသော်၎င်း ဖြစ်ရမည်။ (၂) ကျန်းမာမှုရှိရမည်။ (၃) လွတ်လပ်သူ (ကျွန်မဟုတ်သူ) ဖြစ်ရမည်။ (၄) ယောကျ်ား ဖြစ်ရမည်။ (၅) အရွယ်ရောက်ပြီး၊ အသိဥာဏ်ကောင်းသူလည်းဖြစ်ရမည်။ (၆) မျက်စိမမြင်သူ၊ ခြေမစွမ်းမသန်သောသူမဖြစ်ရ။ (၇) "ဇွဟ်ရ်" အချိန်ဖြစ်ရမည်။ (၈) "ခွသိဗဟ်" ဖတ်ခြင်း။ (၉) "ဂျမာအသ်" (ဝါ) အိမာမ့်အပြင် အနည်းဆုံး လူသုံးယောက်ရှိခြင်း။

· အကယ်၍ ဂျူမုအဟ်ဆလာသ်ပြုရန် တာဝန်မရှိသော သူများသည်လည်း ဂျူမုအဟ်ဆလာသ်ပြုနဲ့လျှင် ပြုနိုင်ခွင့်ရှိ၏။

✔ဂျူမုအဟ်ဆလာသ်မပြုမီ ရေချိုးခြင်းသည် စုန္နသ် ဖြစ်သည်။ ကောင်းမွန်သော အဝတ်အစားဝတ်ခြင်း၊ အမွှေးအကြိုင်လိမ်းခြင်းတို့မှာ “မုတ်စ်သဟဗ်” ဖြစ်သည်။ ✔“ပထမအဇာန်” ဆိုသည်နှင့်တပြိုင်နက် အရောင်းအဝယ်နှင့်တကွ အလုပ်အကိုင်အားလုံးကို စွန့်၍✔“ဂျူမုအဟ် ဆလာသ်” ပြုရန် သွားခြင်းသည် “ဝါဂျစ်ဗ်” ဖြစ်သည်။ “ဒုတိယအဇာန်” ဆို၍ ရှေ့ဆောင်အိမာမ်သည် “ခုသ်ဗဟ်” ဖတ်မည်ပြုသောအခါ အားလုံးဆိတ်ငြိမ်စွာ “ခုသ်ဗဟ်” နားထောင်ကြရမည်။ ရှေ့ဆောင်အိမာမ် “ခုသ်ဗဟ်” ဖတ်နေစဉ် ဆလာသ်ပြုခြင်း၊ စကားပြောခြင်းတို့ ပြုပိုင်ခွင့်မရှိပေ။ အိမာမ်သည် မတ်တတ်ရပ်လျက် “ခုသ်ဗဟ်” ၂-ခုဖတ်ရမည်။ “ခုသ်ဗဟ်” ၂-ခုအကြားတွင် အာယသ် သုံးပုဒ်ခန့်ကြာအောင်ထိုင်ရမည်။ “ခုသ်ဗဟ်ပြီးလျှင်၊ “ဂျူမုအဟ်” ဖရ်ဇ် ဆလာသ် ၂-ရကဲအ်အသ် ပြုရမည်။

## အီဒ်နေ့များနှင့် စပ်လျဉ်းသော ပညတ်ချက်များ။

### အီဒ်နေ့များတွင် ဆလာသ်ပြုခြင်း။

✔အီဒ်နေ့များတွင် ဆလာသ်ပြုခြင်းမှာ “ဝါဂျစ်ဗ်” ဖြစ်၏။ “ဂျူမုအဟ်”နှင့်စပ်လျဉ်းသော စည်းကမ်းချက်များသည် အီဒ်ဆလာသ်များနှင့်လည်းသက်ဆိုင်၏။ သို့ရာတွင် အီဒ်နေ့များတွင် “ခုသ်ဗဟ်”ဖတ်ခြင်းမှာ“ဖရ်ဇ်”မဟုတ်ပေ။အီဒ်ဆလာသ်အပြီး

တွင်“ခုသ်ဗဟ်”ဖတ်ခြင်းသည် “စုန္နသ်” ဖြစ်၏။ အိဒ်နေ့များတွင်“အိဒ်ဆလာသ်”ပူရန် “အဇာန်”နှင့် “သက်ဗိရ်” မဆိုရ။ အိဒ်ဆလာသ်အချိန်ကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်၏။

အိဒ်နေ့များတွင် ရေချိုးပြီး ကောင်းမွန်သော အဝတ်အစားကို ဝတ်ရမည်။ အမွှေးအကြိုင်လိမ်းရမည်။ အိမ်မှ မထွက်မီ “ဖိတ်သ်ရဟ်”ပေးခဲ့ရမည်။ ထို့နောက် အချိုဘုခုခု စားရမည်။ ထို့နောက် စောစောစီးစီး“အိဒ်ဂါဟ်”သို့ သွားရမည်။ လမ်းတွင် တိုးတိုးစွာ “သက်ဗိရ်”ဆိုလျက်သွားရမည်။ အိဒ်ဆလာသ်မပူမီ အိမ်၌ ဖြစ်စေ၊ အိဒ်ဂါဟ်၌ ဖြစ်စေ၊ “နဖ်လ်ဆလာသ်”မပူရ။ အိဒ်ဆလာသ်ပူပြီးနောက် “အိဒ်ဂါဟ်”၌ နဖ်လ်ဆလာသ်မပူရ။

“အိဒ်ဆလာသ်”နိယသ်ကို ဤကဲ့သို့ပူရမည်။ ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်အား ရည်စူး၍ “အိဒုလ်ဖိတ်သ်ရ်”-“အိဒုလ်အဿဟာ”ဆလာသ် ၂-ရက်ကအ်ကို ဤရှေ့ဆောင်အိမာမ်၏ နောက်တွင် ဖတ်ပါသည်။ ထို့နောက်“ အလ္လာဟုအက်ဗရ်”ဆိုပြီးလျှင်၊ လက် ၂-ဖက်ကိုမြှောက်၍ ပိုက်လိုက်ရမည်။ ထို့နောက် “စုဗ်ဟာန ကလ္လာဟုမ္မ” အဆုံးတိုင်အောင်ဖတ်ရမည်။ ထို့နောက်ရှေ့ဆောင်အိမာမ်သည်“သက်ဗိရ်”သုံးကြိမ်တိုင်တိုင်ဆိုရမည်။ ထိုသက်ဗိရ်များကို ဆိုရာတွင် သုံးကြိမ်အနက် ၂-ကြိမ်တွင် လက်မြှောက်ပြီးပြန်ချရမည်။ တတိယ အကြိမ်မြှောက်ပြီးလျှင်၊ ပြန်ပိုက်ရမည်။ “မွတ်က်သဒီ”များလည်း အိမာမ်နည်းတူလိုက်၍ ပူလုပ်ကြရမည်။ ထို့နောက် အိမာမ်

သည် "အအူဇု"၊ ဗစ္စမစ်လ္လာဟ် ဖတ်ပြီးလျှင်၊ ကိရာအသ်ဖတ်ရမည်၊ (ထို့နောက် အခြား ဆလာသ်များနည်းတူ ရုကူအ်၊ စဂျဒဟ်ပြုပြီးလျှင်၊ ဒုတိယ ရာက်ာအသ် ကို စရမည်။) ဒုတိယ ရာက်ာအသ် ၌ ရှေ့ဆောင်အိမာမ်သည် ရှေးဦးစွာ "ကိရာအသ်"ဖတ်ပြီး (ရုကူအ်မပြုမီ) သတ်ကဗ်ိရ် သုံးကြိမ် ဆိုရမည်။ ထိုသုံးကြိမ်လုံးတွင် လက်မြှောက်၍ ပြန်ချလိုက်ရမည်။ တဖန် စတုတ္ထ သတ်က်ဗိရ်ဆိုလျက် "ရုကူအ်"ပြုရမည်။ ("သတ်က်ဗိရ်" အပို ခြောက်ကြိမ်ဆိုရာ၌ အိမာမ်နှင့်တကွ "မွတ်က်သဒီ"အား လုံးပင် လက် ၂-ဖက်ကိုနားအထိမြှောက်ကြရမည်။)

"အိဒွလ်အဿ်ဟာ"ဆလာသ် ပြုနည်းမှာလည်း အထက်ဖေါ်ပြပါအတိုင်းပင် ဖြစ်၏။ "အိဒွလ်အဿ်ဟာ"တွင် အိဒ်ဆလာသ်မပြုမီ ဘာမျှမစားရ။ အိဒ်ဆလာသ် ပြုပြီး နောက်၊ ကုရ်ဗါနီပြုလုပ်၍ ထိုကုရ်ဗါနီအသားကို စားရမည်။ (အချို့သူတို့က မူ "အိဒွလ်အဿ်ဟာ"နေ့တွင် အိဒ်ဆလာသ်မပြုမီ ယင်းကဲ့သို့ မစားမသောက်ဘဲနေခြင်းကို ရိုဇာထားခြင်းဟု ယူဆကြသည်မှာ လုံးဝမှား၏။ အိဒ်နေ့များတွင် ရိုဇာ ထားခြင်းမှာ "ဟရာမ်" ဖြစ်သည်။ တဖန် နေ့ဝက် ရိုဇာထားခြင်းမှာလည်း တရားဘော်၌ အသျှင်းမရှိပြီ။)

"အိဒွလ်အဿ်ဟာ"နေ့တွင် "အိဒ်ဂါဟ်"သို့ သွားရာလမ်းတွင် အသံကျယ်စွာ"သတ်က်ဗိရ်"ဆိုလျက်သွားရမည်။ "အိဒွလ်အဿ်ဟာဆလာသ်"ကို "အိလ်ဒွလ်ဖဇ်သ်ရ်"နေ့ထက် အနည်းငယ်စော၍ဖတ်ရမည်။ ၎င်းပြင် ဇုလ်ဟဂျလ ၉-ရက်(အရဖဟ်) နေ့ "ဖဂျ်ရ်ဆလာသ်" မှစ၍ "ဇုလ်ဟဂျ်"လ ၁၃ ရက်နေ့

"အဆံရှိဆလာသံ" အချိန်ထိ ဂျမာအသံနှင့် အတူ "ဖရိဇ်ဆလာသံ" ပြုပြီးတိုင်း၊ အသံကျယ်စွာ "သတ်ကဗီရ်" (၃ ကြိမ်) ဆိုခြင်းမှာ "ဝါဂျစ်ဗ်" ဖြစ်သည်။ ခရီးသည်များ၊ အမျိုးသမီးများအပေါ်ဝယ် "သတ်ကဗ်ငံရ်" ဆိုခြင်းသည် "ဝါဂျစ်ဗ်" မဟုတ်ပေ။ သို့ရာတွင် ခရီးသည်မဟုတ်သော ရှေ့ဆောင် အီမာမ်၏ နောက်တွင် ဆလာသံပြုနဲ့လျှင်၊ ၎င်းတို့သည်လည်း "သတ်ကဗီရ်" ဆိုကျရမည်။

## သတ်ကဗီ ရေသရှ်ရိက်။

اَللهُ اَكْبَرُ اَللهُ اَكْبَرُ لَا اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ اَللهُ اَكْبَرُ

وَلِلّٰهِ الْحَمْدُ

## အဓိပ္ပါယ်။

အလ္လာအသျှင်မြတ်သည် အကြီးကဲဆုံး ဖြစ်တော်မူ၏။ (၂ ကြိမ်)။ အလ္လာဟ်အသျှင်မြတ်မှတပါး ကိုးကွယ်ရာအသျှင်ဟူ၍ အလျင်းမရှိ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည်အကြီးအကဲဆုံး ဖြစ်တော်မူ၏။ အလ္လာဟ်အသျှင်မြတ်သည် အကြီးကဲဆုံးဖြစ်တော်မူ၏။ ခြီးမွမ်းထောမနာအပေါင်းတို့ကို အလ္လာဟ်အသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။

## "ကုရ်ဗါန်" ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသော ပညပ်ချက်များ။

"နိဆာဗ်" ရှင်တိုင်း အပေါ်၌ ကုရ်ဗါန်ပြုခြင်းမှာ "ဝါဂျစ်ဗ်" တာဝန်ဖြစ်၏။ ဆိတ်၊ သိုး၊ "ဒွန်ဗဟ်" (အမြီးထူထပ်

သေးဆိတ်မျိုး) တို့မှာ လူတယောက်အဖို့တကောင်၊ နွားမှာ လူ ၇-ယောက်အဖို့ တကောင် လုံလောက်ပေသည်။ အိဒ္ဒုလ်အဿ ဟာနေ့တွင် အိဒ်ဆလာသ် ပြုပြီးသည့်အချိန်မှစ၍ ဇုလ်ဟဂျ်လ ၁၂-ရက်နေ့ ညနေအချိန်အထိ ကုရ်ဗါန် ပြုနိုင်ခွင့်ရှိ၏။ ဆိတ် အထီး၊ အမ တနှစ်အရွယ်ထက်ငင်း၊ နွား ၂-နှစ်အရွယ်ထက် ငင်း၊ ကုလားကုလ္လ ၅-နှစ်အရွယ်ထက်ငင်း ငယ်နေလျှင် ကုရ် ဗါန်ပြုပိုင်ခွင့် မရှိချေ။

## ခရီးထွက်ခြင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်ချက်များ။

၃-တိုင်မျှအထိ ခရီးသွားရန် ရည်စူး၍ အိမ်မှထွက်ခဲ့သော သူအား၊ တရားတော်အရ ခရီးသည်ဟူ၍ ခေါ်ဆိုသည်။ ထိုကဲ့ သို့သောသူသည် မိမိရွာအပြင်သို့ထွက်ခဲ့သည်နှင့်တပြိုက်နက် ခရီး သည်နှင့်ပတ်သက်သော ပညတ်ချက်များကို လိုက်နာကျင့်သုံးရ မည်ဖြစ်ရာ "၄-ရတ်ကအသ်" ပြုရမည့် (ဖရ်ဇ်) "ဆလာသ်" များ ကို ၂-"ရတ်ကအသ်" သာလျှင် ပြုရမည်၊ ဤသည်ကို "ကဆ်ရ်" ဟုခေါ်သည်။ ခရီးတိုင် ၃-တိုင်ဟူသည် အချို့ဓမ္မသတ်ရှင်များ ၏ဆုံးဖြတ်ချက်အရ၊ ၃၆-မိုင်ဖြစ်၍၊ အချို့ဓမ္မသတ်ရှင်များ ဆုံးဖြတ်ချက်အရ၊ ၄၈-မိုင်ဖြစ်သည်။ (ဒုတိယ အဆိုမှာ ပို၍ သင့်မြတ်၏။) ယင်းကဲ့သို့ ခရီးထွက်လာပြီးနောက် ရွာတရွာတွင် ၁၅-ရက် တိတိနေထိုင်ရန်ရည်စူးခဲ့လျှင် (ဖရ်ဇ်) ၄-"ရတ်ကအသ်" အပြည့် ဖတ်ရမည်။ သို့ရာတွင် လမ်းခရီး တလျှောက်လုံးတွင် ၂-"ရတ်ကအသ်" သာလျှင် ဖတ်ရမည်။

# 'ဆာသာသွလ် ဂျနာဇာဟ်'၊ 'ကဖန်'ထုပ်ခြင်း၊ မြေမြှုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အမိန့်ပညပ်ချက်များ။

အသက်ထွက်အံ့ဆဲဆဲဖြစ်နေသောသူ၏ မျက်နှာကို "ကစ်ဗ်လဟ်"ဖက်သို့ လှည့်ပေးပြီးလျှင်၊ ၎င်း၏အပါး၌၊ ၎င်းသတိရ၍ ကိုယ်တိုင်လည်းရွတ်ဖတ်နိုင်ရန် "ကလိမဟ်"ကို အသံကျယ်စွာရွတ်ဖတ်ရမည်။ သို့ရာတွင် ၎င်းအား"ကလိမဟ်"ရွတ်ဖတ်ရန် တိုက်တွန်းခြင်းမပြုရ။ အကယ်၍၊ ၎င်းသည် ဘကြိမ်တခါ"ကလိမဟ်"ရွတ်ဖတ်ခဲ့လျှင်၊ ထိုသို့ရွတ်ဖတ်ပြီးနောက် တစုံတရာ အခြားစကားကို မပြောလျှင် ထိုဘကြိမ်မျှ ရွတ်ဖတ်ခဲ့ခြင်းသည်၊ ၎င်း၏အဖို့သုံလောက်ပေပြီ။ ထို့ပြင်၊ ၎င်း၏အပါး၌ စူရဟ် "ယာစိန်"ကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။

အသက်ထွက်သွားခဲ့လျှင်၊ ၎င်း၏ ပါးစပ်နှင့်မျက်စိများကို ပိတ်ပေး၍ ခန္ဓာကိုယ် အစိတ်အပိုင်းများကိုလည်း နေထားတကျဖြစ်အောင် ပြုပြင်ပေးရမည်။ ထို့နောက် အလောင်းကို စွန္နသ်တော်နှင့်အညီ ရေချိုးပေးကာ "ကဖန်"(အလောင်းပတ်အထည်)ဖြင့် ထုပ်ရမည်။ "ကဖန်"မှာ ယောကျ်ားအဖို့ သုံးထည်၊ မိန်းမအဖို့ ငါးထည်ဖြစ်၏။

(၁) "ကုရ်သား" သို့မဟုတ် "ကမီဆ်"ခေါ် အင်္ကျီတထည်။ (၂) "အိဇာရ်"ခေါ် လုံဂျီတထည်။ (၃) "လိဖါဖဟ်"သို့မဟုတ်"ကျာဒရ်"ခေါ် စောင်တထည်။ ၂-နှင့် ၃-တို့မှာ စောင်များပင်ဖြစ်ကြသည်။ အမျိုးသမီးများအဖို့ အထက်ဖေါ်

ပြာ၊ သုံးထည်အပြင်၊ (၄)ဦးခေါင်းနှင့်ဆံပင်များကို ဖုံးအုပ်ရန် "ခိမာရ်" သို့မဟုတ်"စရ်ဖန်ဒ်"ခေါ်ခေါင်းစည်းတထည်။ (၅) "ခစ်ရ်ကာဟ်" သို့မဟုတ် "စိနဟ်ဗန်ဒ်" ခေါ် ရင်စည်းတထည်။

ရှေးဦးစွာ အမှတ် (၃)ဖြစ်သော လိဖါဖဟ်ကိုခင်း၍၊ ၎င်း၏အပေါ်၌ အမှတ်(၁)ကုရ်သာကို ခင်းပြီးလျှင်၊ အလောင်းကို ဦးစွာပထမ ကုရ်သာ အမှတ် ၁-ကို ဝတ်ပေးရမည်။ ထို့နောက် အမှတ် ၂-အိဇာရ်ကို ပထမလက်ဝဲဖက်မှပတ်၍၊ နောက်လက်ျာဖက်မှ ပတ်ပေးရမည်။ အမှတ် ၃- လိဖါဖတ်ကိုလည်း အိဇာရ်နည်းတူ ပတ်ပေးပါလေ။

မိန်းမများ၏ဆံပင်ကို အလယ်တည့်တည့်မှ ဘေးတဖက်တချက်စီ ခွဲ၍ ကုရ်သာခေါ် အင်္ကျီပေါ်၌ ရင်ပတ်ပေါ်သို့တင်လိုက်ရမည်။ ထို့နောက် စရ်ဗန်ဒ်ခေါ် ခေါင်းစည်းဖြင့် ဖုံးအုပ်၍ပေးရမည်။ ထို့နောက်"စိနဟ်ဗန်ဒ်"ခေါ် ရင်စည်းကို ပတ်ပြီးလျှင်၊ "အိဇာရ်"နှင့် လိဖါဖဟ်တို့ကို ပတ်ရမည်။

## "ဆလာသွလ် ဂျနာဇာဟ်"

✔"ဂျနာဇာဟ်ဆလာသ်"မှာ "ဖရ်ဇွလ်ကိဖါယဟ်"ဖြစ်ရာ မွတ်စ်လင်မ်တဦး၏အလောင်းကို "ဂျနာဇာဟ်ဆလာသ်"မပြုဘဲ မြေမြှုပ်ခဲ့လျှင်၊ ထိုအရပ်၌ရှိကုန်သော မွတ်စ်လင်မ်အပေါင်းတို့၌ အပြစ်ရှိပေမည်။ အကယ်၍ မွတ်စ်လင်မ်အချို့က "ဂျနာဇာဟ်ဆလာသ်"ပြုခဲ့လျှင်၊ အားလုံးအပေါ်မှ တာဝန်ကျသွားပေမည်။

“ဂျနာဇဟ်ဆလာသ်” တွင် သတ်ကဗီရ်” ၄-ကြိမ်ဆိုရ၏။ ပထမ သတ်ကဗီရ်ဆိုပြီးလျှင်၊ “စနာ” ဖတ်ရမည်။ စနာတွင် “ဝသအာလာ ဂျဒ္ဒုကာ” ဆိုပြီးနောက် “ဂျေလ္လစနာအုကာ” လည်း ဖြည့်စွက်၍ ရွတ်ဖတ်ရမည်။ ဒုတိယ “သတ်ကဗီရ်” ဆိုပြီးလျှင် ဆလာသ်အတွင်း၌ဖတ်သော “ဒရူဒ်အစ်ဗ်ရာဟီမ်” ကို ရွတ်ဖတ်ရမည်။ တတိယ “သတ်ကဗီရ်” ဆိုပြီးလျှင်၊ ဒုအာကို ဖတ်ရမည်။ (ဒုအာကို အောက်၌ ခွဲခြား၍ ရေးသား ဖော်ပြထားသည်။) စတုတ္ထ “သတ်ကဗီရ်” ဆိုပြီးလျှင်၊ စလာမ်လှည့်ရမည်။

အထက်ဖော်ပြပါ “သတ်ကဗီရ်” လေးကြိမ်ဆိုရာ၌ ပထမ အကြိမ်သာလျှင်၊ လက် ၂-ဖက်မြှောက်၍ ပိုက်လိုက်ရမည်။ ကျန် သတ်ကဗီရ်များတွင် လက်မမြှောက်ရ။

နိယသ်ပြုရာတွင် “သတ်ကဗီရ်” ၄-ကြိမ်၊ အလ္လာဟ်အသျှင် အားချီးမွမ်းထောမနာပြုခြင်း၊ ကိုယ်တော်မြတ်အပေါ်၌ “ဆလာသ်” ပို့သခြင်းနှင့် သူသေ၏အဖို့ ဆုတောင်းခြင်းတို့ကိုထည့်၍ ရည်စူးရမည်။ သင်းချိုင်းမှာ ဗဂ်လီတူးခြင်းသည် ပို၍ ကောင်း၏။ “ဆန္ဒုကီ” ခေါ် ရိုးရိုးတူးလျှင်လည်း ဖြစ်သည်။

အလောင်းကို သင်းချိုင်းတွင်းသို့ ချသောအခါ တွင်း၏ လက်ျာဖက်မှချရမည်။ အလောင်းကိုတွင်းထဲသို့ ချပေးသော သူသည် “ဗစ္စမိလ္လာဟိ၊ ဝအလာ မိလ္လသိ၊ ရစူလစ်လ္လာဟ်”။ ရွတ်ဖတ်ရမည်။ တွင်းထဲသို့ချပြီးသောအခါ ဦးခေါင်းနှင့်ခါး၌ချည်ထားသော ကြိုးများကို ဖြေပေးရမည်။ ထို့နောက် အလောင်းကို “ကစ်ဗလဟ်” ဖက်သို့ တကိုယ်လုံးစောင်းပေးရမည်။

ထို့နောက် အင်္ဂျီစိမ်း၊ ဝါး၊ သို့မဟုတ် ပျဉ်ချပ်များစီပြီးလျှင်၊ လူအားလုံးတို့သည် လက်ခုပ် ၂-ဖက်ဖြင့် မြေကြီးကိုကျုံးယူ၍ သင်းချိုင်းတွင်းသို့ ၃-ကြိမ်ကျစီ ထည့်ရမည်။ ထိုသို့မြေကြီးထည့်ရာတွင်၊ ပထမအကြိမ်တွင်၊ "မင်နှိဟာ ခလတ်ကနာကုန်မ်" ဒုတိယ အကြိမ်တွင်၊ "ဝဖီဟာနုအီဒုကုန်မ်" တတိယ အကြိမ်တွင်၊ "ဝမင်နှိဟာ၊ နုခ်ရိဂျုကုန်မ်၊သာရသန်အွခ်ရာ" ရွတ်ဖတ်ရမည်။ မြေကြီးဖို့၍ သင်းချိုင်းကိုပြုပြင်ပြီးလျှင် သူသေ၏အဖို့အပြစ်မှ ချမ်းသာရရန် ဆုတောင်းပတ္ထနာပြုပေးကြရမည်။

## အရွယ်မရောက်သေးသော သားယောက်ျားကလေး၏ ဂျနာဇာဟ်၌ ဖတ်ရသောဒုအာ။

اَللّٰهُمَّ اجْعَلْهُ لَنَا فَرَطًا وَّاجْعَلْهُ لَنَا اَجْرًا وَّذُخْرًا
وَّاجْعَلْهُ لَنَا شَافِعًا وَّمُشَفَّعًا ۝

## အဓိပ္ပါယ်။

အို အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့ အဖို့ ကြိုတင် ပို့ထား သော (ကောင်းမှု) ဖြစ်စေတော်မူပါ။ ထို့ပြင်အသျှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့အဖို့ အကျိုးဆုလဒ်သည်ရင်း၊ သိုမှီးစုဆောင်းထားသော (ကောင်းမှုသုစရိုက်) ဘဏ္ဍာသည်ရင်း ဖြစ်စေတော်မူပါ။ ထို့မှတပါး အသျှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့အဖို့ ကြားဝင်အသနားခံ

ပေးသောသူသည်၎င်း၊ ကြားဝင်အသနားခံပေးမှုကို သဘောတူခြင်းခံရရသောသူသည်၎င်း ဖြစ်စေတော်မူပါ။

## အရွယ်မရောက်သေးသော သမီးမိန်းကလေး၏ ဂျနာဇာဟ်၌ ဖတ်ရသောဒုအာ။

اَللّٰهُمَّ اجْعَلْهَا لَنَا فَرَطًا وَّاجْعَلْهَا لَنَا اَجْرًا وَّذُخْرًا
وَاجْعَلْهَا لَنَا شَافِعَةً وَّمُشَفَّعَةً ؕ

အာမီန်ပါ။

"ဤကလေးသူငယ်"၏ နေရာ၌ "ဤကလေးသူငယ်မ"ဟု ပြောင်းလဲသည်မှတပါး အထက်တွင် ရေးသားဖေါ်ပြခဲ့သည့် အရွယ်မရောက်သေးသော သားယောကျ်ားကလေး၏ဒုအာ အဓိပ္ပါယ်နှင့် ထပ်တူထပ်မျှပင် ဖြစ်ပေသည်။

## အရွယ်ရောက်ပြီးသော ယောကျ်ားမိန်းမတို့၏ ဂျနာဇာဟ်၌ ဖတ်ရသော ဒုအာ။

اَللّٰهُمَّ اغْفِرْ لِحَيِّنَا وَمَيِّتِنَا وَشَاهِدِنَا وَغَآئِبِنَا وَصَغِيْرِنَا
وَكَبِيْرِنَا وَذَكَرِنَا وَاُنْثَانَا ؕ اَللّٰهُمَّ مَنْ اَحْيَيْتَهٗ مِنَّا
فَاَحْيِهٖ عَلَى الْاِسْلَامِ ؕ وَمَنْ تَوَفَّيْتَهٗ مِنَّا فَتَوَفَّهٗ عَلَى الْاِيْمَانِ ؕ

✓ အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အနက် အသက်ထင်ရှား ရှိနေသူတို့အား၎င်း၊ ကျွန်တော်

မျိုးတို့အနက် သေဆုံးခဲ့သူတို့အားရင်း၊ ကျွန်တော်မျိုးတို့အနက် ရှေ့ဘွင်ရှိနေသူတို့ အားရင်း၊ ကျွန်တော်မျိုး တို့အနက် ကွယ်ရာ၌ရှိနေသူတို့အားရင်း၊ ကျွန်တော်မျိုးတို့အနက် ယောကျ်ားတို့အားရင်း၊ ကျွန်တော်မျိုးတို့အနက် မိန်းမတို့အားရင်း အပြစ်မှ လွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ အနက် အသက်ဆင်ရှားထားရှိတော်မူသောသူကို အစ္စလာမ်သာသနာ၌အသက်ဆင်ရှား ထားရှိတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည်ကျွန်တော်မျိုးတို့အနက် အသက်ဇီဝိန် ချုပ်ငြိမ်းစေတော်မူသောသူအား "အီမာန်" သက်ဝင်ယုံကြည်မှုနှင့်တကွ အသက်ဇီဝိန်ချုပ်ငြိမ်းစေတော်မူပါ။

## "ဆိယာမ်" ဥပုသ်သီလဆောက်တည်ခြင်းနှင့် စပ်လျဉ်းသော အမိန့်ပညတ်များ။

တနှစ်လျှင်၊ တလရမ်ဇာန်လမြတ်၌"ဆိယာမ်"ဥပုသ်သီလဆောက်တည်ခြင်းသည် "ဖရ်ဇ်"တာဝန်ဖြစ်၏။ "ဖရ်ဇ်" ဖြစ်ရန် စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။ (၁) မွတ်စ်လင်မ်ဖြစ်ခြင်း။ (၂) အရွယ်ရောက်ခြင်း။ (၃) မီးယပ်လာခြင်းမှရင်း၊ ကလေးမြက်နှာမြင်ပြီးနောက် သွေးဆင်းခြင်းမှရင်း သန့်ရှင်းစင်ကြယ်ခြင်း။ (မီးယပ်လာခြင်း၊ သို့မဟုတ် ကလေးမျက်နှာမြင်၍ သွေးဆင်းခြင်းများရပ်စဲသွားသောအခါ ထိုရက်များကပျက်ကွက်သော ဆိယာမ်ကို ပြန်၍"ကဇာ"ဖြည့်ရမည်။) (၄) ဆိယာမ် ဥပုသ်သီလ ဆောက်တည်ကြောင်း

"နိယသ်" ပြုခြင်း။ (၅) ခရီးသည် မဟုတ်ဘဲ မိမိမြို့ရွာ၌ နေထိုင်သူဖြစ်ခြင်း။ (၆) ကျန်းမာစွာရှိခြင်းတို့ဖြစ်သည်။

"ဆုဗ်ပေဟဆာဒစ်က်" နံက်နက်နေမထွက်မီ ၁ ၃/၄ နာရီခန့် အချိန်မှစ်၍ ညနေနေဝင်သည်အထိ၊ စားသောက်မှု၊ မေထုန်သံဝါသမှုတို့မှ ကြဉ်ရှောင်ခြင်းကို "ဆိယာမ်" ဥပုသ်သီလ ဆောက်တည်ခြင်းဟုခေါ်သည်။ "စဟာရီ" (ဝါထမင်း) စားခြင်းသည် "စွန္နသ်" ဖြစ်သည်။ "စဟာရီ" ဝါထမင်းကို အချိန်ဆိုင်း၍ စားခြင်းနှင့် နေဝင်သည်နှင့် တပြိုင်နက် စောလျှင်စွာ "အစ်ဖ်သာရ်" ဝါဖြေခြင်းသည် "မွတ်စ်သဟဗ်" ဖြစ်သည်။ ထို့အတူ စွန်ပလွံသီး သို့မဟုတ် ရေဖြင့်ဝါဖြေခြင်း။ အချည်းနှီးသောစကားများပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းတို့မှာလည်း "မွတ်စ်သဟဗ်" ဖြစ်သည်။ ဆိယာမ်ဆောက်တည်လျက် တစုံတရာကိုမြည်းခြင်း၊ ဝါးခြင်း၊ တစုံတယောက်ကို နမ်းရှုပ်ခြင်း၊ အတင်းပြောခြင်း၊ မုသားပြောဆိုခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်း၊ ပဋိပက္ခဖြစ်ခြင်းတို့မှာ "မတ်ကရူဟ်" ဖြစ်သည်။

စားသောက်ခြင်း၊ မေထုန်သံဝါသပြုခြင်းတို့ဖြင့် "ဆိယာမ်" ဥပုသ်သီလ ပျက်သွား၏။ သိလျက်နှင့် ပါးလုပ်ပြည့် အန်လျှင်လည်း "ကဇာ" ပြန်ဖြည့်ရမည်။ အီဒ်နေ့များတွင် ၎င်း၊ "အိုက်ယာမွသ်သရှ်ရိက်" (ဇူလ်ဟဂ်ျလ၊ ၁၁-၁၂-၁၃) ရက်နေ့တွင်၎င်း ဆိယာမ် ဆောက်တည်ခြင်းသည် "ဟရာမ်" ဖြစ်သည်။ ဇူလ်ဟဂ်ျလ ၁- ရက်နေ့မှ ၉-ရက် (အရဖတ်) နေ့ အထိ၎င်း၊ မုဟာ်ရမ်လ ၉-ရက်နှင့် ၁၀-ရက်နေ့များတွင်၎င်း၊ ရှောက်ဝါလ်

လတွင် ခြောက်ရက်ရှင်း၊ အစ္စလာမ်လတိုင်း၏ ၁၃-၁၄-နှင့် ၁၅ ရက်နေ့များတွင်ရှင်း၊ ရှအ်ဗန်လ ၁၅-ရက်နေ့တွင်ရှင်း ဆိယာမ် ဥပုသ်သီလ ဆောက်တည်ခြင်းသည် ကုသိုလ်အကျိုးများပြားလှ ပေသည်။

## ဖစ်သ်ရဟ်။

နီဆာဗ်ရှင် (ဇကါသ်ပေးရန်သတ်မှတ်ထားသော ပစ္စည်း အချိုးအစားကို ပိုင်ဆိုင်သူ) ဖြစ်သော၊ အရွယ်ရောက်၍ အသိ ဉာဏ်ကောင်းသော မွတ်စ်လင်မ်တိုင်းအပေါ်၌ မိမိနှင့်မိမိသား သမီးအပြင် မိမိကျွန်များအတွက်ပါ "ဖစ်သ်ရဟ်" ပေးခြင်း သည်"ဝါဂျစ်ဗ်"တာဝန်ဖြစ်ဘည်။ သားသမီးဟူသည် အရွယ် မရောက်သေးသော သားငယ်၊ သမီးငယ်တို့ကိုဆိုလိုသည်။ လူ တယောက်၏ "ဖစ်သ်ရဟ်"မှာ ဂျုံ (အင်္ဂလိပ်ငွေဒင်္ဂါးဖြင့်) ၁၆၀ိ သားဖြစ်သည်။ အကယ်၍ ဂျောဝ်(မုယောဆန်)သို့မဟုတ် စပျစ်သီးခြောက်၊ သို့မဟုတ် စွန်ပလွံသီးခြောက် ပေးခဲ့လျှင်၊ ၁၂၀ိ/ သားဖြစ်သည်။ လူတယောက်၏"ဖစ်သ်ရဟ်"ကို လူအ များကိုဝေပေးခြင်း၊ သို့မဟုတ် လူအများ၏ "ဖစ်သ်ရဟ်" ကို လူတယောက်အားပေးခြင်း ၂-မျိုးလုံးပြုပိုင်ခွင့်ရှိ၏။ အကယ်၍ ဆန်အစရှိသည်ကိုပေးခဲ့လျှင်၊ ထိုပစ္စည်း၏တန်ဖိုးမှာ ဂျုံ ၁၆၀ိ သား၊ သို့မဟုတ် မုယောဆန် ၁၂၀ိ သား၏ တန်ဖိုးနှင့် ညီမျှ ရမည်။

---

မှတ်ချက်။ မိမိဇနီးနှင့် အရွယ်ရောက်ပြီးသော သားသမီးများအတွက် "ဖစ်သ်ရဟ်"ပေးဆောင်ရန် တာဝန်မရှိပေ။ "အိဒ်ဆလာသ်"မပြုမီ "ဖစ်သ်ရဟ်"

## ''ဇကါသ်''နှင့် စပ်လျဉ်းသော ပြဿနာချက်များ။

အသိဉာဏ်ကောင်းသော၊ လွတ်လပ်သော၊ အရွယ်ရောက်ပြီး နိဆာဗ်ရှင်(တရားတော်က ဇကါးသ်ပေးရန် သတ်မှတ်ထားသော ပစ္စည်းအချိုးအစားကို ပိုင်ဆိုင်သူ)ဖြစ်သော မွတ်စ်လင်မ်တိုင်း၏အပေါ်၌ ဇကါးသ်ပေးရန် "ဖရ်ဇ်"တာဝန်ဖြစ်သည်။ သို့ရာတွင် နိဆာဗ် (ဇကါးသ်ပေးရန်သတ်မှတ်ထားသောအချိုးအစား)နှင့်ညီမျှသော ထိုပစ္စည်းသည် ကြွေးမြီနှင့် လည်းကင်းရမည်။ မိမိလက်ထဲတွင် တနှစ်ပတ်လုံးရှိခဲ့သော ပစ္စည်းလည်းဖြစ်ရမည်။ ဇကါသ်ပေးရာတွင် ဇကါသ်လက်ခံသူအား ပိုင်ရှင်အဖြစ်(ဝါ)အပိုင်ပေးလိုက်ရမည်။ မိမိ အမိ၊ အဘ၊ အဘိုး၊ အဘွား နှင့် သားသမီးတို့အား ဇကာသ်ပေးပိုင်ခွင့်မရှိချေ။ ထိုအတူ ပစ္စည်းရှိသူ(အနည်းဆုံး နိဆာဗ်အချိုးအစားကို ပိုင်ဆိုင်သူ)ကိုငှင်း၊ စိုက်ယစ်ဒ်ကိုငှင်း ဇကါသ်ပေးပိုင်ခွင့် မရှိပေ။

## ငွေ၏ ''နိဆာဗ်''အချိုးအစား။

ငွေ၏"နိဆာဗ်"အချိုးအစားမှာ "ဒစ်ရ်ဟမ်" ၂၀၀။ အင်္ဂလိပ်ငွေဒင်္ဂါးဖြင့် ၅၄ ၁/၆ ကျပ်သား ဖြစ်သည်။ ဤအဆိုမှာ ကျော်ကြားသောအဆိုဖြစ်သည်။ ဤအဆိုအတိုင်းလိုက်နာခြင်းမှာ မယုတ်မလွန်လည်းဖြစ်ပေသည်။ ဖေါ်ပြပါ"နိဆာဗ်"၏

---

ပေးခြင်းသည် ထူးမြတ်၏။ "စိုက်ယစ်ဒ်"သို့မဟုတ် နိဆာဗ်ရှင်(ဇကာသ်ပေးရန် သတ်မှတ်ထားသော ပစ္စည်းအချိုးအစားကို ပိုင်ဆိုင်သူ)အား ဖစ်သ်ရဟ် ပေးပိုင်ခွင့်မရှိချေ။

၄၁ ပုံမှာ အင်္ဂလိပ်ငွေဒင်္ဂါးဖြင့် ၁-၃ ကျပ် ၂-ရွေးသားဖြစ်သည်။ ထိုထက်ပိုသောပစ္စည်းကို ညှိနည်းအတိုင်း တွက်ယူပါလေ။

## ရွှေ၏ "နိဆာဗ်" အချိုးအစား။

ရွှေ၏ "နိဆာဗ်" အချိုးအစားမှာ "မစ္စကါလ်" ၂၀=အင်္ဂလိပ် ငွေဒင်္ဂါးဖြင့် ၇၃ ကျပ် ၄-ရွေးသား ဖြစ်သည်။ ၎င်း၏ "ဇကါသ်" မှာ ၃ ကျပ် ၂၃ ရွေးသား ဖြစ်သည်။ ရောင်းကုန်များကို ငွေ သို့မဟုတ် ရွှေဖြင့်တွက်၍ ထိုအချိုးအစားအတိုင်း "ဇကါသ်" ပေးဆပ်ရမည်။

## "ဟဂ်ျ" နှင့် စပ်လျဉ်းသော ပညပ်ချက်များ။

အကြင်သူ၌ မက္ကာဟ်မြို့သို့ ယာဉ်ဖြင့်သွားလာနိုင်ရန်နှင့် မိမိ အိမ်သူအိမ်သားတို့အား မိမိပြန်လာသည်အထိ၊ သုံးစွဲရန်စရိတ်ကို လုံလောက်စွာ ပေးသွားနိုင်လောက်အောင် ပစ္စည်းဥစ္စာရှိခဲ့လျှင်၊ ထိုသူ၏အပေါ်၌ "ဟဂ်ျ" ပြုရန် "ဖရ်ဇ်" တာဝန်ဖြစ်သည်။ "ဟဂ်ျ" နှင့် စပ်လျဉ်းသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

မွတ်စ်လင်မ် ဖြစ်ရမည်။ အရွယ်ရောက်ပြီး အသိဥာဏ်ကောင်းသူလည်း ဖြစ်ရမည်။ ကျန်းမာသူ ဖြစ်ရမည်။ (ခရီးသွားလာမှုအတွက်) လမ်းခရီး၌ အနှောင့်အရှက် ကင်းရမည်။ အမျိုးသမီးဖြစ်လျှင်၊ အတူလိုက်ရန် "မဟ်ရမ်" လက်ထပ်ပိုင်

နှင့်မရှိသော သွေးရင်းသားရင်းတော်စပ်သော ယောကျ်ားထ ယောက်လည်း ရှိရမည်။

## 'ဟဂျ်'တွင် 'ဖရ်န်'ဖြစ်သော အချက်များ။

"အစ်ဟ်ရာမ်"ခေါ် ဝတ်ရုံကိုဝတ်ခြင်း။ "အရဖါသ်"ကွင်းပြင်၌ အနည်းငယ်ဆိုင်းခြင်း။ "သဝါဖေ ဇီယာရသ်" ပြုလုပ်ခြင်း။ ယင်းအချက်တို့ကို အစဉ်လိုက်ပြုခြင်း။

✔"ဟဂျ်"ပြုရာ၌ "ဝါဂျစ်ဗ်"၊ "စွန္နသ်"နှင့် "မွတ်စ်သဟာဗ်" ဖြစ်သောအချက်တို့မှာ အလွန်များပြားလှသည့်ပြင်၊ တခါတရံ သာလျှင် အရေးကြုံကြိုက်လေ့ရှိရာ နားလည်ရန်နှင့် မှတ်သားရန် ခဲယဉ်းလှသောကြောင့်တကြောင်း၊ အပြည့်အစုံအသေးစိတ် ဖေါ်ပြလျှင် အလွန်ရှည်လျားသွားမည် ဖြစ်သောကြောင့် ထကြောင်း ချန်လှပ် ထားခဲ့ရပေသည်။

## 'ကဗီရဟ်'ခေါ် ကြီးလေးသောပြစ်မှု ဒုစရိုက်များ။

တစုံတရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ခြင်း။ သူတပါးအသက်ကို (တရားဥပဒေဘောင်အပြင်မှ) သတ်ဖြတ်ခြင်း။အတိုးအညွန့်စားခြင်း။ အတိုးအညွန့်ပေးခြင်း။ ကါမေသုမိစ္ဆာစာရကျူးလွန်ခြင်း။ ယောကျ်ား အချင်းချင်း သံဝါသ ပြုခြင်း။ (သို့မဟုတ် မိမိဇနီးနှင့် ကျင်ကြီးစွန့်သော နှုါရ၌ သံဝါသပြုခြင်း)။ တိရိစ္ဆာန်နှင့် သံဝါသပြုခြင်း။ သေစာအရက်သောက်စားခြင်း။ ဝက်သားစားခြင်း။"ဆလာသ်"

မပြုဘဲနေခြင်း။ "ဆိယာမ်"ဥပုသ်သီလ မဆောက်တည်ဘဲနေခြင်း။ "ဇကာသ်"မပေးဘဲနေခြင်း။ ပစ္စည်းချမ်းသာပါလျက် 'ဟဂျ်'မပြုဘဲနေခြင်း။ တဦးတယောက်အား မတရားစွပ်စွဲခြင်း။ မုသားပြောဆိုခြင်း။ အတင်းပြောခြင်း။ (ကုန်းချောခြင်း)။ မုသားသက်သေ ထွက်ဆိုခြင်း။ ဘမိုကလေး သူငယ် များ၏ ပစ္စည်းဥစ္စာကို မတရားသဖြင့်စားသုံးခြင်း။ နှိပ်စက်ညှဉ်းပန်းခြင်း။ လှည့်ဖြားခြင်း၊ စစ်မြေပြင်မှထွက်ပြေးခဲ့ခြင်း။ စုန်းပြုစားခြင်း။ ဆဲရေးတိုင်းထွာခြင်း။ လောင်းတမ်းကစားခြင်း။ မိဘနှစ်ပါး၏အမိန့်ကိုရင်း၊ လင်ခင်ပွန်း၏အမိန့်ကိုရင်း၊ ပီဆန်ခြင်း။ ဗေဒင်ဆရာ၊ နက္ခဆရာများ၏ ဟောပြောချက်ကို ယုံကြည်ခြင်း။ ခိုးငှက်ခြင်း။ လူယက်တိုက်ခိုက်ခြင်း။ "ကာဖိရ်" မိစ္ဆာဒိဋ္ဌိတို့၏ ထုံးတမ်းစဉ်လာများကို နှစ်သက်ခြင်း။ ရာသီပန်းပွင့်နေစဉ်(ဇနီးမိန်းမနှင့်)မေထုန်သံဝါသပြုခြင်း။ အလေး၊ တောင်း၊ တင်း စသည်တို့ကို လျှော့၍ခြင်ခြင်း၊ ချိန်တွယ်ခြင်း။ "ဒ အ်ဇီယဟ်"ပြုလုပ်ခြင်း။ ပီရ်၊ ဝလီ၊ တောဂီစသောသူတော်စင်များ၏သင်းချိုင်းကို"စဂျ်ဒဟ်"ပျပ်ဝပ်ဦးချခြင်း။ သို့မဟုတ် "သဝါဖ်" လှည့်ခြင်း၊ ၎င်းတို့ထံတွင် မိမိတို့ အလိုရှိရာများကို တောင်းခံခြင်း၊ ၎င်းတို့အားကိုးခြင်း၊ ၎င်းတို့၏အမည်နှင့် ဆိပင်ရှည်ထားခြင်း၊ သို့မဟုတ် အဝတ်အစားဝတ်ခြင်း။ ဒေဝီ၊ ဒေဝ၊ စတေလာ၊ မာတာ၊ ဂင်္ဂါ၊ ဘဝါနီ၊ ဂျမုနာ၊(မြစ်)၊ ရှေးခ်စဒ်ဒို၊ နအ်လ်ဆာဟစ်ဗ် မောက်လာစသည်တို့ကို ကိုးကွယ်ခြင်း။(ဤသည်တို့ကို အိန္ဒိယနိုင်ငံတွင် ကိုးကွယ်လေ့ရှိကြသည်။) ၎င်းတို့၏ "ဒရ်ဂါဟ်"အစရှိသည်တို့ကို တည်ဆောက်ခြင်း။ ၎င်းတို့အား ပူဇော်ပသခြင်း၊ ပူဇော်ငွေများပေးခြင်း။ နာရေးကိစ္စတွင်

ငိုခြင်းချခြင်း။ သတိုးသားကို စေဟ်ရာ ပန်းကုံး၊ လက်ကောက်ဝတ်၌ ချည်နှောင်ပေးလေ့ရှိသော ခြည်ကြိုး အစရှိသည်တို့ကို ဆင်မြန်းပေးခြင်း။ အဝါရောင်ဆိုးထားသော အဝတ်အစားကို ဝတ်ခြင်း။ ဒန်းဆိုးခြင်း။ မင်္ဂလာဆောင်ပြီး လေးရက်မြောက်နေ့တွင် လက်ထပ်ပိုင်ခွင့် ရှိသောယောကျ်ားများနှင့်အတူ ရောနှောကစားခြင်း။ ကပွဲကြည့်ခြင်း။ လက်ထပ်ပိုင်ခွင့်ရှိသော အမျိုးသမီးများ၊ ဒုစရိုက်ကျူးလွန်သူများ အစရှိသည်တို့အား သီချင်းဆိုခြင်းကို နားထောင်ခြင်း။ ပဏ္ဍိတ် ဗြာဟ္မဏ်ဘုန်းကြီး၊ ဗေဒင်ဆရာတို့ထံ မင်္ဂလာထိမ်းမြားမှုပြုရန် နေ့နံကို မေးခြင်း။ ဟိန္ဒူများနည်းတူ မြေကြီးကို နွားချေးဖြင့် ကျုံ၍ထမင်းဟင်းချက်ခြင်းနှင့် စားသောက်ခြင်း။ ဟိန္ဒူများ ကဲ့သို့နာမည်မှည့်ခြင်း။ မိမိတို့ရုပ်ရည်ကို၊ ၎င်းတို့နှင့်တူအောင် ပြုလုပ်ခြင်း။ မုတ်ဆိတ်ရိတ်ခြင်း။ သို့မဟုတ် လက်တဆုပ်ထက်လျော့အောင် ညှပ်ပစ်ခြင်း။ နှာခေါင်းမွေး ရှည်ရှည်ထားခြင်း။ ယောကျ်ားကမိန်းမနှင့်တူအောင်၊ မိန်းမကယောကျ်ားနှင့် တူအောင် မိမိရုပ်ရည်ကို ပြုလုပ်ခြင်းစသည်တို့ဖြစ်လေသည်။ ဤပေါ်ပြပါ 'ကဗီရဟ်' ကြီးလေးသော ပြစ်မှုဒုစရိုက်များမှ "သောက်ဗဟ်" အလ္လာဟ်အသျှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ခြင်း မပြုသမျှ ချမ်းသာခွင့်ရရှိမည်မဟုတ်ပေ။ အကယ်၍ ထိုပြစ်မှုများကို ကျူးလွန်သောသူ သည်"သောင်ဗဟ်"မပြုဘဲသေဆုံးသွားခဲ့လျှင်၊ ၎င်း၌ အပြစ်ရှိသည်နှင့်အမျှ ဂျဟန္နမ်ငရဲဘုံတွင် ပြစ်ဒဏ်ခံရပေမည်။ 'ရှစ်ရိက်'တစုံတရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်မှုကို ကျူးလွန်သောသူကား အမြဲထာဝစဉ် ဂျဟန္နမ်ငရဲဘုံ၌ပင်ခံစားလျက်ရှိပေမည်။ "ဆဂီရဟ်"ခေါ် သေးငယ်သော

ပြစ်မှုများမှ "အိဗါဒသ်"ဝတ်ပြုမှုများဖြင့် ချမ်းသာခွင့် ရရှိနိုင်ပေသည်။ သို့ရာတွင် "ကဗီရဟ်"ကြီးလေးသော ပြစ်မှုများမှာမူကား'သောက်ဗဟ်'မပြုသမျှ ချမ်းသာခွင့်ရရှိလိမ့်မည်မဟုတ်ပေ။ "ဟုကူကုလ်အိဗါဒ်"လူအချင်းချင်းတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်လျှင်၊ ထိုတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ခြင်းသော်၎င်း၊ ခွင့်လွှတ်ရန် တောင်းပန်ခြင်းသော်၎င်း အရေးကြီးပေသည်။ အအာဖနလ္လာဟု၊ ဝအိယာကွန်မ်၊ မင်န်ဟာ။ (အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား၎င်း၊ အသင်တို့အား၎င်း ထိုပြစ်မှုတို့မှ ကါကွယ်စောင့်ရှောက်တော်မူပါစေသတည်း)။

ဘာသာပြန်ဆိုသူ။
**မကြာဆုဒ် အဟ်မဒ်ခါန်။**
ရန်ကုန်မြို့။

အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့်
ချောမောစွာ ပြီးသွားပါပြီ။

နိုင်းဘတ်စာပုံနှိပ်တိုက် ၂၅၁-၂၅၃၊ ၃၉-လမ်း၊ ရန်ကုန်မြို့။